# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၉၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား

## ပညာရေးမူဝါဒနှင့် မကိုက်ညီသည့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်သည့်ကိစ္စနှင့်ပတ်သက်၍ စိစစ်အရေးယူဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၂) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁ ❍*


**ယနေ့** *ဖတ်စရာ*

မီဒီယာအမည်ခံ လေလှိုင်းပေါ်က လူသတ်သမားများ၏ ဝါဒဖြန့်ချိမှုများနှင့် သတင်းအဆိပ်ခတ်နေမှုများ — ဆောင်းပါး စာ - ၆

မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာဆိုင်ရာ တရားရုံးအမိန့်ဖတ်ကြားပွဲသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ နယ်သာလန်နိုင်ငံသို့ ရောက်ရှိ — ပြည်တွင်းသတင်း စာ - ၇

- စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရခြင်းသည် မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေး လုပ်ငန်းပင်ဖြစ်
- ကျေးလက်နေပြည်သူများ၏ ပညာတတ်မြောက်မှု အခြေအနေသည် မြို့ပြနေပြည်သူများထက် ပညာတတ်မြောက်မှု လူဦးရေနည်းပါးသည်ကိုတွေ့ရှိရ
- လူသားအရင်းအမြစ်များ များပြားသော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ Skill Labor များ နည်းပါးသည်ကိုတွေ့ရှိရ
- ထို့ကြောင့် လက်တွေ့ကျသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် အထက်တန်းပညာ သင်ကြားရေးနှင့် ကုန်ထုတ်လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်

○ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

### နိုင်ငံရေးနှင့်ဆက်စပ်သည့် လုံခြုံရေးအခြေအနေ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာ၍ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး နိုင်ငံတော်အာဏာကို သိမ်းယူခဲ့ခြင်းမဟုတ်ကြောင်း၊ မိမိတို့အား ပေးအပ်ထားသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ဆဲဥပဒေများ အပေါ်တွင်မူတည်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူချိန်တွင် ဆူပူမှုများ မရှိသေးသော်လည်း ဖေဖော်ဝါရီ ၃ ရက်နောက်ပိုင်းတွင် ဆူပူမှုများစတင်ဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်း အကြမ်းဖက်မှုများအထိ ဖြစ်ပေါ်လာခဲ့ကြောင်း၊ အဆိုပါ အကြမ်းဖက်မှုများကို လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် စည်းရုံးရေးဆိုင်ရာ လမ်းကြောင်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ နည်းပါးသွားသည်ကို တွေ့ရှိရကြောင်း၊ အကြမ်းဖက်မှုများကို အရေးယူဆောင်ရွက်ခဲ့ရာတွင် ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုများကို နှိမ်နင်းရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို တပ်မတော်မှ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အချို့သောနေရာဒေသများမှ လွဲ၍ တတ်နိုင်သမျှရဲတပ်ဖွဲ့ဝင်များဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံဖြစ်သဖြင့် စစ်အုပ်ချုပ်ရေးသတ်မှတ်မှုများကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံရေးအရ နောက်ဆက်တွဲ ပေါ်ပေါက်လာသည့် အကြမ်းဖက် NUG နှင့် CRPH တို့က တည်ထောင်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများသည် အကြမ်းဖက် သတ်ဖြတ်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများကို လုပ်ဆောင်လျက်ရှိပြီး သံဃာတော်များနှင့် သီလရှင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၈၇ ရာခိုင်နှုန်းခန့်သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် ဇူလိုင် ၂၀ ရက်အထိ သံဃာတော် ၅၂ ပါးနှင့် သီလရှင် ၁ ပါးတို့ အကြမ်းဖက် သတ်ဖြတ်ခံခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူ ၉ ပါးနှင့် ပျောက်ဆုံးသူ ၈ ဦး စုစုပေါင်း ၇၀ ရှိပြီဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သံဃာတော်များနှင့် သီလရှင်များကို အကြမ်းဖက်မှု သတ်ဖြတ်မှုအများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ စစ်ကိုင်းတောင်တွင် သံဃာတော်များနှင့် သီလရှင်များ အများဆုံးဝါဆိုနေကြကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် ဗုဒ္ဓဘာသာ ရေးအကျဆုံးနှင့် အများဆုံး ကိုးကွယ်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်သော်လည်း ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များနှင့် သီလရှင်များ အကြမ်းဖက် သတ်ဖြတ်ခံရမှု အများဆုံးဖြစ်သည်ကို အံ့ဩဖွယ်တွေ့မြင်ရကြောင်း၊ မကွေးတိုင်းတွင်လည်း အလားတူပင်ဖြစ်ကြောင်း။

ပညာရေးဝန်ထမ်းများ သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် သေဆုံးသူ ၄၇ ဦးရှိပြီး ဒဏ်ရာရရှိသူ ၂၁ ဦး၊ ပျောက်ဆုံးသူ ၂၅ ဦး စုစုပေါင်း ၉၃ ဦးရှိကြောင်း၊ ထိုသို့ပညာရေးဝန်ထမ်းများ သတ်ဖြတ်ခံရမှုတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးသည် အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း။

### ပြည်သူများပညာရည်မြင့်မားရန်လိုအပ်မှု

ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဇူလိုင်လမှစတင်၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ ကျောင်းများပိတ်ထားမှုကြောင့် နိုင်ငံတော်နှင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၂၀၂၁ ခုနှစ်မှစတင်၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုလည်း ကျင်းပပေးနိုင်ခဲ့ကာ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်းများကိုလည်း ထုတ်ပြန်ပေးနိုင်ခဲ့ကြောင်း၊ ယခုပညာသင်နှစ်တွင်လည်း အခြေခံပညာကျောင်းများတွင် ပညာသင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများမှာ ကိုဗစ် – ၁၉ ရောဂါမဖြစ်ပွားမီ ကျောင်းအပ်နှံခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၏ အရေအတွက်၏ ၇၆ ရာခိုင်နှုန်းခန့် ကျောင်းအပ်နှံကြသည်ကို တွေ့ရကြောင်း၊ အဆိုပါ ကျောင်းနေအရွယ်များတွင်လည်း မူလတန်းအရွယ်တွင် များပြားသော်လည်း အလယ်တန်းနှင့် အထက်တန်းသို့ ရောက်ရှိချိန်တွင်နည်းပါးသွားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံပညာရည်မြင့်မားရေးနှင့်ပတ်သက်ပြီး အားလုံးက တွန်းတွန်းတိုက်တိုက်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အချို့ကျောင်းနေ အရွယ်ကလေးများအနေဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ လုံခြုံရေးအရ တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် ကျောင်းအပ်နှံခြင်းမရှိသကဲ့သို့ နိုင်ငံရေးအရ အစိုးရအခြေခံပညာကျောင်းများတွင် အချို့ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံသင်ကြားမှုများ မပြုသည်ကိုလည်းတွေ့ရှိရကြောင်း၊ တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးမှုကြောင့် CDM ပြုလုပ်ထားသည့် ပညာရေးဝန်ထမ်းများက ဖွင့်လှစ်ထားသည့် Kaung For You အထက်တန်းကျောင်းကို စတင်ဆောင်ရွက်ခဲ့သည့် မြစ်သားမြို့နယ် လက်ထောက်ပညာရေးမှူး (CDM) ကောင်းသိုက်စိုးနှင့် အပေါင်းအပါ ၃ ဦးကို ဇူလိုင် ၁၃ ရက်တွင် အောင်ပန်းမြို့၌ အခကြေးငွေယူ၍ ပျော်ပါး၍ရသည့် အမျိုးသမီးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏ ထွက်ဆိုချက်ရဆက်စပ်လျက်ရှိသူများကိုလည်း ဖော်ထုတ်ရရှိခဲ့ပြီး အချို့ကို ဖမ်းဆီးထိန်းသိမ်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကျောင်းများတွင် အပ်နှံထားသည့် ကျောင်းသား၊ ကျောင်းသူများ စာရင်းကိုလည်း ရရှိခဲ့ကြောင်း၊ သို့သော်ကျောင်းနေအရွယ်ကလေးများသည် နိုင်ငံရေး နားလည်မှုမရှိကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို မိမိတို့အနေဖြင့် အရေးယူရန် မရှိကြောင်း၊ သို့သော် အခြားပါဝင်ပတ်သက်နေသူများကို ဆက်လက်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖွင့်လှစ်ရန် ကျန်ရှိနေသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာသင်ကြားရေးသည် နိုင်ငံအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ မည်သည့်စာသင်ကျောင်းတွင် သင်ကြားသည်ဖြစ်စေ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာပြီးဆုံးချိန်တွင် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်သည့် ပညာများ ရရှိသွားရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းသားမိဘများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

ကိုဗစ် – ၁၉ ကာကွယ်ဆေးများကို ကျောင်းနေအရွယ်ကလေးများဖြစ်သည့် ၅ နှစ်မှ ၁၈ နှစ်အကြား ကျောင်းသား၊ ကျောင်းသူ ၅၈၂၀၀၀၀ ကျော်အား ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူ စုစုပေါင်း ၃၅၈၃၀၀၀၀ ကျော်ရှိပြီး ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုနှင့် အုပ်ချုပ်မှုလမ်းကြောင်း အဆင်ပြေသည့် နေရာများတွင် ၉၉ ရာခိုင်နှုန်းခန့် ထိုးနှံပေးနိုင်ပြီးဖြစ်ကြောင်း၊ ထိုးနှံရန်ကျန်ရှိသည့် နေရာဒေသများတွင်လည်း ဆက်လက်ထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုမှာ များစွာကျဆင်းသွားပြီဖြစ်ကြောင်း၊ ပြည်တွင်းကူးစက်မှု နည်းပါးပြီး ပြည်ပမှဝင်ရောက်လာသူများမှ ကူးစက်လျက်ရှိသည်ကိုသာ တွေ့ရှိရကြောင်း။

### စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု

မိမိတို့အနေဖြင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံမူဝါဒများ ချမှတ်၍ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဒုတိယဦးစားပေးအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တတိယဦးစားပေးအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးတို့ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရှေးယခင်ကတည်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားသည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်သည့် နိုင်ငံတစ်ခုပင်ဖြစ်ကြောင်း၊ ယခင်က စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချမှုများရှိခဲ့ကြောင်း၊ ဆိုရှယ်လစ်ခေတ်တွင် စီးပွားရေးစနစ်ပြောင်းလဲခဲ့ပြီး အချို့ကိစ္စရပ်များတွင် စီးပွားရေးအရ အောင်မြင်မှုများမရှိခဲ့ခြင်းကြောင့် ကုန်ပစ္စည်းထုတ်လုပ်တင်ပို့သည့် နိုင်ငံမှ ကုန်ပစ္စည်းတင်သွင်းရသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်ကို တွေ့ရကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် လူဦးရေများပြားသည့် နိုင်ငံကြီးများရှိကြောင်း၊ အဆိုပါနိုင်ငံများသို့ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံသည့် ထုတ်ကုန်များကို တင်ပို့ရောင်းချနိုင်မည်ဆိုပါက ပြည်သူများနှင့် နိုင်ငံ၏စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရခြင်းသည် မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းပင်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ပညာတတ်မြောက်မှု အခြေအနေသည် မြို့ပြနေပြည်သူများထက် ပညာတတ်မြောက်မှု လူဦးရေနည်းပါးသည်ကို တွေ့ရှိရကြောင်း၊ လူသားအရင်းအမြစ်များ များပြားသော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ Skill Labor များ နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လက်တွေ့ကျသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် အထက်တန်းပညာသင်ကြားရေးနှင့် ကုန်ထုတ်လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

❖ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်သည်နှင့် ဖြစ်ချင်တာများကို ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် တွေ့ဆုံဆွေးနွေးလိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးလိုပါက ထပ်မံဖိတ်ခေါ်ပါကြောင်း၊ ကျန်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ပါဝင်လာမည်ဆိုပါက မိမိတို့နိုင်ငံ၏ အနာဂတ်နိုင်ငံရေးသည် ပြည့်စုံကောင်းမွန်လာမည်

*စာမျက်နှာ ၃ မှ*

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြစ်ချောင်းများ ပေါများပြီး ရေချိုအရင်းအမြစ်များ များစွာရှိပြီး ရေချိုကိုအသုံးချ၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် နေရာများရှိသကဲ့သို့ စိုက်ပျိုးမြေဧရိယာသည်လည်း လုံလောက်စွာရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဧကပေါင်း ၃၃ သန်းခန့်ရှိပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် ဝါများကို အဓိကစိုက်ပျိုးလျက်ရှိကြောင်း၊ အခြားနှစ်ရှည် သီးနှံများဖြစ်သည့် ရော်ဘာ၊ ဆီအုန်းနှင့် အုန်းစိုက်ပျိုးမှုစသည့် နှစ်ရှည်သီးနှံပင်များကိုလည်း စိုက်ပျိုးကြကြောင်း၊ စပါး၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် ဝါများကို စိုက်ပျိုးရာတွင် အချို့ဒေသများ၌ တစ်သီးသာစိုက်ပျိုးသည်ကိုတွေ့ရှိရကြောင်း၊ သီးထပ်များ စိုက်ပျိုးခြင်းနှင့် အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေများ ပိုမိုရရှိလာပြီး စိုက်ပျိုးတောင်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ပြီးခဲ့သည့်ကာလအတွင်း ပြည်ပမှဆီတင်သွင်းမှုများ များပြားခဲ့သဖြင့် ဆီထွက်သီးနှံများကို ထိန်းသိမ်းခြင်းနှင့် ပြည်ပတင်ပို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တောင်သူများအနေဖြင့် လွတ်လပ်စွာ စိုက်ပျိုးပိုင်ခွင့်ရှိသကဲ့သို့ လွတ်လပ်စွာရောင်းချခွင့်ရှိကြောင်း၊ ထို့ကြောင့် တောင်သူများ၏သီးနှံများကို ပြည်တွင်းပြည်ပ လွတ်လပ်စွာရောင်းချနိုင်ရေး ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ကဲ့သို့သော အသင်းများမှတစ်ဆင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် ထိန်းသိမ်းရောင်းချသွားမည်ဆိုပါက တောင်သူများ လွတ်လပ်စွာရောင်းချနိုင်သကဲ့သို့ နိုင်ငံတော်၏ ဝင်ငွေကိုလည်း တိုးတက်စေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကောင်းမွန်စေရန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ပြောကြားရာတွင် "အလားတူပဲ ပညာရေးမြှင့်တင်မှုနဲ့ ပတ်သက်ရင်လည်း စောစောက ကျွန်တော်ပြောတဲ့ ပညာရေးမှာ အများစုက မူလတန်းပညာနဲ့ အလယ်တန်းပညာအဆင့်ပဲ ဖြစ်ပါတယ်။ လူနည်းစုပဲ အထက်တန်းပညာနဲ့ အဆင့်မြင့်ပညာတတ်တဲ့ သူများဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီအလယ်တန်းပညာနဲ့အောက်မှာ တက်နေတဲ့ ပြည်သူအများစုရှိနေတဲ့ ကျေးလက်ဒေသတွေရဲ့ ပညာရေး၊ ပြည်နယ်များရဲ့ ပညာရေးမြှင့်တင်ဖို့အတွက် အထူးဦးစားပေး ဆောင်ရွက်သွားဖို့လိုတယ်ဆိုတာလေးလည်း ကျွန်တော်တွေ့ရှိပါတယ်။ နိုင်ငံမှာတော့ အခြေခံဥပဒေအရ အခြေခံပညာမူလတန်းအဆင့်ကိုတော့ မသင်မနေရ ပညာရေးလို့ သတ်မှတ်ထားတာ။ ဥပဒေအရသတ်မှတ်ထားတာရှိပါတယ်။ သို့သော် လက်ရှိအခြေအနေမှာ မူလတန်းပညာသည် မလုံလောက်ပါဘူး။ ဒီလောက်ခေတ်မီတဲ့ ကမ္ဘာကြီးမှာ လိုက်မီဖို့ဆိုတာတော့ မူလတန်းပညာနဲ့ ဘယ်လိုမှ မပြည့်စုံဘူး။ ဒါကြောင့် ကျွန်တော်တို့ အစိုးရတာဝန်ယူတဲ့အချိန်မှာ kg+9 ။ ၉ တန်း၊ အလယ်တန်းပညာ ပြီးတဲ့အထိကို ကျွန်တော်တို့ အခမဲ့ ပညာရေးအနေနဲ့ မသင်မနေရ တွန်းအားပေး ဆောင်ရွက်ဖို့ ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီလိုသာ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် စောစောကပြောတဲ့ ကျေးလက်တွေမှာ Skill Labour ဖြစ်နိုင်တဲ့သူတွေ။ အထိုက်အလျောက် ပညာတတ်တွေ ဖြစ်လာပြီးတော့မှ။ သူတို့ကို လေ့ကျင့်မွေးထုတ်ပေးလိုက်မယ်ဆိုလို့ရှိရင်။ သူတို့လုပ်တဲ့ စီးပွားရေးကို အထောက်အကူပြုတဲ့ အတတ်ပညာတွေ တတ်လာမှာဖြစ်ပါတယ်။ ဒါကို မျှော်တွေးပြီးတော့မှ။ အခုခရိုင်ပေါင်း ၁၂၇ ခရိုင် ရှိပါတယ်။ ၁၂၇ ခရိုင်မှာ First wave အနေနဲ့ ကျွန်တော်တို့ ကျောင်းပေါင်း ၅၀ လောက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုတွဲဖွင့်ထားတဲ့ အထက်တန်းကျောင်းတွေ ဖွင့်ဖို့။ သက်ဆိုင်ရာဝန်ကြီးတွေနဲ့ ကျွန်တော်ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ကျောင်းပေါင်း ၅၀ လောက်စဖွင့်မယ်။ အဲဒီတော့ ဒီဆရာတွေ ရဖို့အတွက်ကိုလည်း မွေးမြူရေးကျောင်းဆင်းတွေ၊ စိုက်ပျိုးရေးကျောင်းဆင်းတွေ ဒီလိုလည်း ခန့်ဖို့လိုသလိုပဲ။ လက်ရှိတာဝန်ပေးထားတဲ့ စိုက်ပျိုးရေးဦးစီး၊ မွေးမြူရေးဦးစီး၊ အဲဒီမှာ တာဝန်ပေးထားတဲ့သူများကိုလည်း အကူဆရာများအနေနဲ့ အဲဒီကျောင်းတွေမှာ သင်ကြားပေးဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်နေတာ ရှိပါတယ်။ အဲဒါကို ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံမှာတော့ ကျေးလက်မှာ လုပ်ငန်းလုပ်နေတဲ့ သူများအတွက် Skill Labour တွေ အများကြီး မွေးထုတ်ပေးနိုင်မယ်လို့ ကျွန်တော် မျှော်မှန်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းကို မဖြစ်မနေသွားရမယ်ဆိုတာလေးလည်း ကျွန်တော်သွားလိုပါတယ်။

"တစ်ဆက်တည်းမှာပဲ ဒါတင်လုံလောက်ပြီလားဆိုတော့ မလုံလောက်သေးပါဘူး။ ပုဂ္ဂလိက ကဏ္ဍက ဒါတွေက၊ လုပ်ရမယ့်ကဏ္ဍ ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရကတော့ လူသားအရင်းအမြစ်တွေ ရရှိအောင်ဆောင်ရွက်ပေးဖို့သာ ဖြစ်ပါတယ်။ ကျန်တာတော့၊ ပုဂ္ဂလိက ကလုပ်ရမယ်။ တစ်ဖက်ကလည်း အစိုးရကနေပြီးတော့ သွင်းအားစုတွေ ရအောင်လည်း ဖန်တီးပေးရတာတွေရှိတယ်။ ဥပမာ–ရေရအောင် ဖန်တီးပေးရတာတို့၊ မြေသြဇာရအောင် ဖန်တီးပေးတာတို့၊ မျိုးစေ့တွေရအောင် ဖန်တီးပေးရတာတို့ ဒါကတော့ စိုက်ပျိုးရေးပိုင်းပေ့ါ။ မွေးမြူရေးပိုင်းဆိုလည်း တိရစ္ဆာန်အစားအစာတွေ ရဖို့အတွက်၊ ဆေးဝါးတွေရဖို့တို့၊ နောက်တစ်ခါ ခုနကပြောတဲ့ ရေရရှိဖို့တို့၊ နောက်တစ်ခါ မျိုးကောင်းမျိုးသန့်တွေ ရရှိဖို့တို့ ဒါတွေလည်း ကျွန်တော်တို့က အစိုးရကနေပြီးတော့မှ ဝိုင်းပြီးကူညီပေးရမှာဖြစ်ပါတယ်။ ဒါပုဂ္ဂလိက ကဏ္ဍလုပ်ပေးမှလည်း အစိုးရရဲ့ ပါဝင်ပတ်သက်မှုကတော့ ကျွန်တော်တို့ အချိန်ကာလ အတိုင်းအတာတစ်ခုထိတော့ ရှိနေဦးမှာဖြစ်ပါတယ်။ လုပ်နေရမှာဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို ကျွန်တော်တို့ အနေနဲ့၊ ကျွန်တော်တို့ ကောင်စီအနေနဲ့ ဦးစားပေး ဆောင်ရွက်သွားမယ်ဆိုတာလေးလည်း ကျွန်တော် ပြောလိုပါတယ်။" ဟု ပြောကြားသည်။

### ဝါစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု

ဆက်လက်၍ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဧက ၂ သိန်း ၄ သောင်းကျော်ရှိကြောင်း၊ ဝါစိုက်ပျိုးမှုနှင့် ပတ်သက်၍ ချည်မျှင်ရှည်ဝါမှ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ကြောင်း၊ ယခုစိုက်ပျိုးနေသည့် ဝါများသည် ချည်မျှဉ်ရှည်ဝါဟု ဆိုသော်လည်း အဆင့်မြင့် ချည်ထည်များကို ထုတ်လုပ်နိုင်မှုမရှိကြောင်း၊ ထို့ကြောင့် အဆင့်မီသည့် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပြည်ပနိုင်ငံများနှင့် နည်းပညာအရ ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း၊ နိုင်ငံအတွင်းဝါစိုက်ပျိုးမှု လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ၏ ဝတ်ရေးအတွက် ပိုမိုအဆင်ပြေမည်ဖြစ်သကဲ့သို့ ပြည်တွင်းမှ ထွက်ရှိသည့် ဝါထွက်ကုန်များကို အသုံးပြု၍ အဆင့်မီအထည်ချုပ် လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏ စီးပွားရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

### ကျေးလက်နေပြည်သူများ၏ လူမှုနေမှုစနစ်များ မြှင့်တင်ပေးရန်လိုအပ်

မိမိတို့နိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုစနစ်များမှာ အခြားနိုင်ငံများထက် နိမ့်ကျလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတွင် အားနည်းချက်များရှိခြင်းကြောင့်သာ လူနေမှုစနစ်များ နိမ့်ကျနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်၍ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားများ ပြောင်းလဲတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့လူမှုစီးပွားများ တိုးတက်ပြောင်းလဲလာချိန်တွင် နေထိုင်သည့် အိမ်ရာများ အဆင့်မြှင့်တင် တည်ဆောက်ရန် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လိုအပ်သည့်ဘိလပ်မြေများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ နိုင်ငံအတွင်း၌ ဘိလပ်မြေထုတ်လုပ်နိုင်သည့် အခြေခံကုန်ကြမ်းများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းရှိစက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ ထုတ်လုပ်ရာတွင်လည်း အဆောက်အဦများ ဆောက်လုပ်နိုင်သည့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ဆောင်ရွက်မည်ဆိုပါက အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေနှင့် သံ၊ သံမဏိတို့သည် နိုင်ငံ၏လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် မဖြစ်မနေလိုအပ်သဖြင့် အားပေး ဆောင်ရွက်သွားမည်ဆိုပါက များစွာပြောင်းလဲ တိုးတက်သွားမည်ဖြစ်ကြောင်း။

လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေးသည်လည်း အရေးကြီးကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံသည်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ် အနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် လျှော့ချရေးကို အထောက်အကူပြုသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချမည်ဆိုပါက

*စာမျက်နှာ ၅ သို့*

**"ကမ္ဘာတစ်ဝန်းလုံးတွင် လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံသည်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ် အနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် လျှော့ချရေးကို အထောက်အကူပြုသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချမည်ဆိုပါက အကျိုးရှိမည်ဖြစ်ကြောင်း၊ မြစ်ကြီးများပေါ်၌ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ မေခ၊ မလိခ၊ ဧရာဝတီ၊ ရွှေလီ၊ ချင်းတွင်း၊ တာပိန်၊ သံလွင် စသည့် မြစ်ကြီးများပေါ်၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် နေရာများ များစွာရှိကြောင်း၊ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းစီမံကိန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်"**

*စာမျက်နှာ ၄ မှ*

အကျိုးရှိမည်ဖြစ်ကြောင်း၊ မြစ်ကြီးများပေါ်၌ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ မေခ၊ မလိခ၊ ရောဝတီ၊ ရွှေလီ၊ ချင်းတွင်း၊ တာပိန်၊ သံလွင် စသည့် မြစ်ကြီးများပေါ်၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် နေရာများ များစွာရှိကြောင်း၊ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းစီမံကိန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုကြောင်း။

အလားတူ မိမိတို့နိုင်ငံ အလယ်ပိုင်းရှိ နေရာဒေသအများစု၏ မိုးရွာရက်မှာ ပျမ်းမျှအားဖြင့် ရက် ၁၀၀ ခန့်သာရှိကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် နွေရာသီတွင် လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းဒေသများ၌လည်း လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်အဆင့် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့်လည်း အသေးစားနှင့် အလတ်စား ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်မှ အားပေးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

### ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်နေမှု

ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ဧပြီလ ၂၂ ရက်နေ့က စတင်ပြုလုပ်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်ကိုင်အဖွဲ့ ၇ ဖွဲ့နှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် ၃ ဖွဲ့တို့က တွေ့ဆုံရန် အကြောင်းပြန်ကြားခဲ့ပြီး ၉ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် တစ်ဖွဲ့နှင့်လည်း မကြာမီအချိန်အတွင်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများတွင် ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ရာ ၎င်းတို့ထံမှ သဘောတူညီမှုများ ရရှိခဲ့ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်သည်နှင့် ဖြစ်ချင်တာများကို ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် တွေ့ဆုံဆွေးနွေးလိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးလိုပါက ထပ်မံဖိတ်ခေါ်ပါကြောင်း၊ ကျန်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ပါဝင်လာမည်ဆိုပါက မိမိတို့နိုင်ငံ၏ အနာဂတ်နိုင်ငံရေးသည် ပြည့်စုံကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံသို့ အလုပ်သဘော အလည်အပတ် ခရီးသွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာလုဂါပြည်နယ်၊ အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်းရှိ ရွှေစည်းခုံစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကာ အနေကဇာတင်မင်္ဂလာ အခမ်းအနားပြုလုပ်ခြင်း၊ စစ်ဘက်၊ အရပ်ဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ စစ်ဘက်နည်းပညာဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍ၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် အခြားကဏ္ဍ ပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း။ ကာလတို အလုပ်သဘောခရီးစဉ်တစ်ခုဖြစ်ခဲ့သော်လည်း နိုင်ငံ့အတွက် အကျိုးရှိသည့် ဆွေးနွေးမှုများစွာကို ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်သည့် ခရီးစဉ်တစ်ခု ဖြစ်ခဲ့သည်ကို အသိပေးလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များက မြန်မာ–ရုရှားချစ်ကြည်ရေးအသင်းအဖွဲ့များ ဖွဲ့စည်းရေး၊ နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်သိရှိစေရန် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်၊ အနာဂတ်နိုင်ငံတော်အတွက် လူငယ်များအား စနစ်တကျ ပြုစုပျိုးထောင်ပေးရေး၊ ပညာရေးမူဝါဒလမ်းကြောင်းကို သွေဖည်၍ ဆောင်ရွက်နေသည့် ပုဂ္ဂလိကကျောင်းများအား ဖော်ထုတ်အရေးယူ ဆောင်ရွက်ရေး၊ မူလတန်းပြဆရာ၊ ဆရာမများ ရာထူးတိုးမြှင့်ရန် ကိစ္စကို လျင်မြန်စွာ ဆောင်ရွက်ပေးပြီး လိုအပ်ချက်ရှိသည့် နေရာ ဖြည့်စွက်ခန့်ထားနိုင်ရေး၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေပြီး ရာသီဥတုကို အထောက်အကူပြုစေရေးအတွက် ကျွန်းစိုက်ခင်းများကို စီမံချက်ချမှတ်၍ တိုးချဲ့စိုက်ပျိုးရေး၊ လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ပပျောက်ရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေး၊ ကျေးလက်ကျန်းမာရေးဌာနများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက စီမံဆောင်ရွက်ပေးရေး၊ လူငယ်များ လမ်းမှားမရောက်စေရေးအတွက် အခြေခံပညာကျောင်းများတွင် စာရိတ္တပညာပိုင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ သင်ကြားပေးရေး၊ ယာဉ်လိုင်းများ လက်မှတ်ရောင်းချခြင်းနှင့် စစ်ဆေးရေးဂိတ်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို စနစ်တကျ စိစစ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချစ်ကြည်ရေးအသင်းများ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ သိပ္ပံနှင့် နည်းပညာ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပညာတော်သင်စေလွှတ်ရေးကိစ္စများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ဖွံ့ဖြိုးရေးအထောက်အကူပြုစီမံကိန်းများကို မိမိသဘောဆန္ဒအလျောက်ပါဝင်သည့်စနစ်ဖြင့် ထူထောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးမူဝါဒနှင့် မကိုက်ညီသည့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်သည့် ကိစ္စနှင့် ပတ်သက်၍ စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဌာနများတွင် ဝန်ထမ်းများ ဖြည့်တင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လတ်တလောတွင် အလုပ်သင်ဆရာဝန်များနှင့် သူနာပြုများ ဖြည့်တင်းပေးထားပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာအသုံးပြုမှုအပေါ်မူတည်၍ သီးနှံအထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ မြေသြဇာ ၂ မျိုး ကို အချိုးချပေါင်းစပ်ခြင်းဖြင့် သီးနှံအထွက်တိုး ရရှိနိုင်မည်ဖြစ်ပြီး သဘာဝမြေသြဇာကို အဓိကထားအသုံးပြုနိုင်ရေး သုတေသနပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်တွေ့ကျသည့် စိုက်ပျိုးရေးစနစ်နှင့် ခေတ်မီမွေးမြူရေးစနစ်ကို ဦးတည်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန် – ပြည်၊ ရန်ကုန် – မော်လမြိုင်၊ ရန်ကုန် – မန္တလေး မီးရထားလမ်းများ အဆင့်မြှင့်တင်၍ ခေါက်ရေတိုးမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်အဖွဲ့များနှင့် ပတ်သက်၍ ကြိုတင်ကန့်သတ်ချက်မထားဘဲ ဆွေးနွေးလျက်ရှိပြီး အချို့အဖွဲ့များနှင့်လည်း ဆွေးနွေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားလူငယ်များ စာရိတ္တမြင့်မားရေးအတွက် ပြည်သူ့နီတိနှင့် (၃၈) ဖြာမင်္ဂလာကို သင်ကြားပေးလျက်ရှိပြီး ဒီမိုကရေစီ အနှစ်သာရကိုလည်း သိရှိအောင်သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျွန်းစိုက်ခင်းများ တိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးသွားရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဥပဒေပြဋ္ဌာန်းနိုင်ရေး ပြန်လည်စိစစ်သုံးသပ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၈၄၂၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၅၄၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၃၄၂၉ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၈၉၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၁၂၉၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၉၅၁၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ကျောင်းသား ကျောင်းသူ ၆၇၆၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်–၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ


**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မီဒီယာအမည်ခံ လေလှိုင်းပေါ်က လူသတ်သမားများ၏ ဝါဒဖြန့်ချိမှုများနှင့် သတင်းအဆိပ်ခတ်နေမှုများ

*မင်းခန့်*


ИНТЕРНАУКА -15% На публикацию РИНЦ всем клиентам издательства | Подать заявку | mail@internauka.org | +7 (499) 938-55-90 | +7 (499) 938-55-90 | internauka

Информация для авторов ▾ | Научные журналы ▾ | Студенческий журнал ▾ | Научные конференции ▾ | Публикации ВАК ▾ | Публикации РИНЦ

Главная • Научные журналы • «Интернаука» • Научный журнал «Интернаука» №25(248) • РАСПРОСТРАНЕНИЕ ФЕЙКОВЫХ НОВОСТЕЙ И ДЕЗИНФОРМАЦИИ И РИСКИ ПСИХОЛОГИЧЕСКОЙ ВОЙНЫ

РАСПРОСТРАНЕНИЕ ФЕЙКОВЫХ НОВОСТЕЙ И ДЕЗИНФОРМАЦИИ И РИСКИ ПСИХОЛОГИЧЕСКОЙ ВОЙНЫ


Опубликовано в журнале: Научный журнал «Интернаука» № 25(248)
Автор(ы): Мин Кхан
Рубрика журнала: 12. Политология
DOI статьи: 10.32743/26870142.2022.25.248.343651

Библиографическое описание

Мин К. РАСПРОСТРАНЕНИЕ ФЕЙКОВЫХ НОВОСТЕЙ И ДЕЗИНФОРМАЦИИ И РИСКИ ПСИХОЛОГИЧЕСКОЙ ВОЙНЫ // Интернаука: электрон. научн. журн. 2022. № 25(248). URL: https://internauka.org/journal/science/internauka/248 (дата обращения: 15.07.2022). DOI:10.32743/26870142.2022.25.248.343651

Авторы

Мин Кхан


Остерегайтесь рисков психологической войны,

2022-05-16 15:56

слежка за людьми Философия ИИ

Analytical Data on the News Reports of Some Local and Foreign Media Outlets from 1 to 30 April 2022

| Sr. | Media Name | Disinformation | Fake News | True News |
|---|---|---|---|---|
| 1 | Khit Thit Media | 189 | 83 | 9 |
| 2 | DVB | 79 | 51 | 8 |
| 3 | Mizzima | 80 | 46 | 8 |
| 4 | Delta News Agency | 34 | 18 | 3 |
| 5 | Irrawaddy | 13 | 2 | 2 |
| 6 | Tachileik News Agency | 19 | 16 | 2 |
| | Total | 414 | 216 | 32 |

The detailed analytical data can be accessed at https://www.facebook.com/profile.php?id=100077272015649

Фейковых новостей и дезинформации

Ежедневно наблюдается преднамеренное распространение фейковых новостей и дезинформации в социальных сетях. В частности, частные лица и организации из местных и зарубежных стран распространяют сфабрикованные новости и дезинформацию со смесью правды и лжи, созданной с использованием текстов, фотографий и видеозаписей, используя различные аккаунты медиа-агентства Facebook.

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲက မဖုံးနိုင် မဖိနိုင် မဲလိမ်/မဲခိုးမှုတွေနဲ့ ဥပဒေဖောက်ဖျက်မှုများကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခေတ္တ အာဏာ ထိန်းထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ အိမ်စောင့်အစိုးရကို ဆန့်ကျင်နေကြတဲ့ ပြည်တွင်း/ပြည်ပ လူပုဂ္ဂိုလ်အဖွဲ့အစည်းများက မီဒီယာအမည်ခံပြီး ဝါဒဖြန့်ချိနေမှုတွေကို **“သတိပြုရမည့် စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲနှင့် သတင်းအတုသတင်းအမှားများ၏အန္တရာယ်”** ဆိုတဲ့ ခေါင်းစဉ်နဲ့ ၁၃-၅-၂၀၂၂ ရက်နေ့က နိုင်ငံပိုင်သတင်းစာများမှာ ဆောင်းပါးရေးသားဖော်ပြခဲ့ပါသည်။ ယခုအခါမှာ ထိုဆောင်းပါးကို ရုရှားနိုင်ငံရဲ့ ပညာရပ်ဆိုင်ရာ မဂ္ဂဇင်း Internauka နဲ့ ai-news.ru ဆိုတဲ့ သတင်းစာမျက်နှာတွေမှာ ရုရှားဘာသာနဲ့ ထည့်သွင်းဖော်ပြခဲ့တာကို တွေ့ရပါတယ်။

## ဝါဒဖြန့်တိုက်ခိုက်ခံနေရ

ရုရှားနိုင်ငံရဲ့ ပညာရပ်ဆိုင်ရာ မဂ္ဂဇင်းတွေနဲ့ အင်တာနက် သတင်းစာမျက်နှာတွေမှာ ဒီဆောင်းပါးကို ပြန်လည်ဖော်ပြရတဲ့ အကြောင်းအရင်းကတော့ ရုရှား-ယူကရိန်း စစ်ပွဲမှာလည်း အနောက်မီဒီယာများက သတင်းအတု၊ သတင်းအမှားတွေကို အသုံးချပြီး သတင်းမီဒီယာစစ်ပွဲ ဆင်နွှဲနေကြတဲ့အတွက် မြန်မာနိုင်ငံက သတင်းစာတွေမှာ ဖော်ပြခဲ့တဲ့ ဆောင်းပါးအတိုင်းပဲ တူညီတဲ့ နည်းလမ်းတွေနဲ့ လုပ်ဆောင်ခံနေရလို့ ဖြစ်ကြောင်း သိရှိရပါသည်။ ဒါကြောင့် မြန်မာနိုင်ငံလို နိုင်ငံငယ်လေးတွေသာမက ရုရှားလို အင်အားကြီးနိုင်ငံများကိုပါ ဒီလိုသတင်းအတု၊ သတင်းအမှားတွေကို အသုံးချပြီး ဝါဒဖြန့်တိုက်ခိုက်ခံနေရတယ်ဆိုတာ ထင်ရှားတဲ့ သက်သေသာဓက ဖြစ်ပါတယ်။

၂၁ ရာစုမှာ သတင်းအချက်အလက်နဲ့ နည်းပညာ (Information Technology) အရှိန်အဟုန်နဲ့ တိုးတက်လာတာနဲ့အတူ နည်းပညာနဲ့ ငွေကြေးအားသာချက်ကို အသုံးချပြီး ဆိုရှယ်မီဒီယာများကနေတစ်ဆင့် ဝါဒဖြန့်ချိခြင်းတွေကို စနစ်တကျ အကွက်ချ ဆောင်ရွက်နေတာမြင်တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း နိုင်ငံရေးအပြောင်းအလဲ အခြေအနေကို အမြတ်ထုတ်ပြီး ဝါဒဖြန့်ချိမှုတွေကို အရှိန်မြှင့်ဆောင်ရွက်ခဲ့ကြပါတယ်။ ဘယ်လိုအကွက်ချပြီး စနစ်တကျ ဆောင်ရွက်ခဲ့ကြတယ်ဆိုတာကို ဒီဆောင်းပါးမှာ ကျွန်တော် ထပ်မံရှင်းလင်းတင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**နိုင်ငံရေးအပြောင်းအလဲ စတင်ချိန်မှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရဲ့ မဲလိမ် / မဲခိုးမှုတွေနဲ့ ဥပဒေချိုးဖောက်မှုတွေကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို အခြေခံဥပဒေအရ ဝင်ရောက်ထိန်းသိမ်းရတဲ့အကြောင်းတရားအမှန်ကို ပုံဖျက်ပြီး စစ်တပ်က မတရားအာဏာသိမ်းတယ်ဆိုတဲ့ အတွေးအခေါ် အယူအဆကို ပြည်သူများအကြားမှာ လျင်လျင်မြန်မြန် ပျံ့နှံ့သွားအောင် သတင်းအချက်အလက်ပုံဖျက်ခြင်း (Disinformation) နဲ့ ၎င်းတို့ရဲ့ အယူအဆမှား/သတင်းမှားတွေကို ပျံ့နှံ့စေခြင်း (Misinformation Floating) ဖြစ်အောင် ဆိုရှယ်မီဒီယာတွေနဲ့ ၎င်းတို့ ကြိုတင်မွေးမြူတည်ဆောက်ထားကြတဲ့ ကွန်ရက်များကနေတစ်ဆင့် ဆောင်ရွက်ကြပါတယ်။** NLD အစိုးရရဲ့ မဲလိမ်/မဲခိုးမှုတွေကို ဖော်ပြရေးသားကြတဲ့ ပြည်သူတွေရဲ့ အသံတွေ၊ အကောင့်တွေနဲ့ စာမျက်နှာတွေကိုလည်း Facebook Newsfeed Algorithm ရဲ့အကူအညီ၊ FB Team က မြန်မာစကား တတ်ကျွမ်းသူတွေရဲ့ အကူအညီနဲ့ ကန့်သတ်ခြင်း၊ ဖြုတ်ချခြင်းများကို တစ်ပြိုင်နက် ဆောင်ရွက်စေခဲ့ပါတယ်။

## ဆိုရှယ်မီဒီယာအသုံးချ

တစ်ပြိုင်တည်းမှာပဲ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သွားလာမှု ကန့်သတ်ထိန်းချုပ်ထားရတဲ့ အခြေအနေကြောင့် စိတ်မွန်းကျပ်နေတဲ့ ပြည်သူလူထုကို ထွက်ပေါက်အနေနဲ့ ပုံစံအမျိုးမျိုးနဲ့ လမ်းပေါ်ထွက်လာအောင် ဆွဲထုတ်ခဲ့ကြပါတယ်။ ဒါကလည်း တိုက်ဆိုင်မှု မဟုတ်ဘဲ အမေရိကန်နိုင်ငံသား ဂျင်းရှပ် (Gene Sharp) ရေးသားထားတဲ့ From Dictatorship to Democracy ဆိုတဲ့ စာအုပ်ထဲက နည်းနာတွေအတိုင်း အစီအစဉ်တကျ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ပြည်သူလူထုကြီး မြင်တွေ့လိုက်ရတဲ့ ဖက်ရှင်ဒီဇိုင်းမျိုးစုံ၊ လူစိတ်ဝင်စားမယ့် အဖော်အချွတ် ပုံစံမျိုးစုံနဲ့ လမ်းပေါ်ထွက်လာကြတာတွေ၊ သံပုံးတီးကြတာတွေက ဂျင်းရှပ်ရဲ့ နည်းနာတွေပဲ ဖြစ်ပါတယ်။ ဒီလိုနည်းနာတွေနဲ့ လူထုရဲ့ Social Psychology ကို အချိန်ကိုက်အသုံးချခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလိုလှုံ့ဆော်ချိတ်ဆက်မှုတွေအားလုံးရဲ့ အဓိကလမ်းကြောင်းက ဆိုရှယ်မီဒီယာများပဲ ဖြစ်ပါတယ်။

တကယ်တော့ ဂျန်ဇီး (GenZ) လို့အမည်လှလှလေးတပ်ပေးလိုက်တဲ့ လူငယ်ထုဟာ ၂၀၁၀ ပြည့်နှစ်ကစလို့ မြန်မာနိုင်ငံရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအသွင်ကူးပြောင်းမှု နောက်ပိုင်းမှာ အရွယ်ရောက်ခဲ့သူတွေဖြစ်ပြီး အိုင်တီနည်းပညာတွေနဲ့ နီးစပ်တဲ့ မျိုးဆက်တစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲ့ ပွင့်လင်းလွတ်လပ်လာတဲ့ သတင်းမီဒီယာနဲ့ နိုင်ငံရေးအခြေအနေကို အမြတ်ထုတ်ပြီး ၎င်းတို့ အလိုကျ အတွေးအခေါ်များ၊ ယဉ်ကျေးမှုများနဲ့ နီးစပ်ပေးခြင်းခံခဲ့ရတဲ့ မျိုးဆက်လို့လည်း ဆိုနိုင်ပါတယ်။ GenZ လေးများရဲ့ လူငယ်သဘာဝ တက်ကြွတဲ့စိတ်အခံကို အသုံးချခဲ့ကြပါတယ်။

ပုံစံမျိုးစုံဆန္ဒပြမှုတွေနဲ့အတူ ပေါ်ထွက်လာတာက အစိုးရယန္တရား မလည်ပတ်နိုင်အောင်နဲ့ ပျက်စီးသွားအောင် အစိုးရဝန်ထမ်းများ ရုံးမတက်ကြဖို့ CDM လှုံ့ဆော်မှုတွေ ဖြစ်ပါတယ်။ **တကယ်တော့ ဝါဒဖြန့်ချိသူတွေဟာ CDM လုပ်လာမယ့် ဝန်ထမ်းတွေကို တာဝန်ယူပေးနိုင်မှာမဟုတ်ပေမယ့်လည်း အများကြိုက် ငွေကြေးမက်လုံးနဲ့ ဆွဲဆောင်မှုများ၊ ရာထူး/နေရာနဲ့ ဆွဲဆောင်မှုတွေနဲ့ လူကြိုက်များအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ဆိုရှယ်မီဒီယာပေါ်မှာ CDM မအောင်မြင်နိုင်ကြောင်း သုံးသပ်ရေးသားပြခဲ့သူတွေ ရှိပေမယ့် သူတို့ရဲ့စကားသံက ကန့်သတ်ထားခြင်းခံရတာကြောင့် ထင်တိုင်းမပေါက်ခဲ့ကြပါဘူး။ ယခုလက်တွေ့မှာတော့ CDM ဆိုတဲ့ အသံတွေ တိုးတိတ်သွားပြီး NUG အကြမ်းဖက်အဖွဲ့နဲ့ လေလှိုင်းပေါ်က လူသတ်သမားများဟာ CDM သမားတွေကို ပစ်ပယ်လိုက်ကြပါပြီ။ သူတို့ရဲ့ ဝါဒဖြန့်လှုံ့ဆော်မှုတွေကို ယုံကြည်မိခဲ့တဲ့ ဝန်ထမ်းတချို့ နယ်စပ်မှာ ဘဝပျက်စီးနေကြပြီး မိသားစုဘဝတွေလည်း ကြေမွသွားခဲ့ကြပါတယ်။ နစကအစိုးရကတော့ ကိုယ်ချင်းစာစိတ်အပြည့်နဲ့ ပြန်လည်ခေါ်ယူမှုတွေ ဆောင်ရွက်နေတာ တွေ့ရလို့ ဝမ်းသာမိပါတယ်။**

> **ယခုလက်တွေ့မှာတော့ CDM ဆိုတဲ့အသံတွေ တိုးတိတ်သွားပြီး NUG အကြမ်းဖက်အဖွဲ့နဲ့ လေလှိုင်းပေါ်က လူသတ်သမားများဟာ CDM သမားတွေကို ပစ်ပယ်လိုက်ကြပါပြီ။ သူတို့ရဲ့ ဝါဒဖြန့်လှုံ့ဆော်မှုတွေကို ယုံကြည်မိခဲ့တဲ့ ဝန်ထမ်းတချို့ နယ်စပ်မှာ ဘဝပျက်စီးနေကြပြီး မိသားစုဘဝတွေလည်း ကြေမွသွားခဲ့ကြပါတယ်။ နစကအစိုးရကတော့ ကိုယ်ချင်းစာစိတ်အပြည့်နဲ့ ပြန်လည်ခေါ်ယူမှုတွေ ဆောင်ရွက်နေတာ တွေ့ရလို့ ဝမ်းသာမိပါတယ်**

## အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်

CDM လှုံ့ဆော်မှုတွေ မအောင်မြင်နိုင်မှန်း သိလိုက်တဲ့အချိန်မှာတော့ အနောက်အုပ်စုနဲ့ ပြည်ဖျက်မီဒီယာများအနေနဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြနေတဲ့ ပြည်သူကို ဆိုရှယ်မီဒီယာတွေကနေ လှုံ့ဆော်ပြီး အကြမ်းဖက်ဆောင်ရွက်မှုတွေဆီ စနစ်တကျ လမ်းကြောင်းပြောင်းလဲပေးခဲ့ကြတာ ဖြစ်ပါတယ်။ အချိန်ကိုက်ပဲ အမေရိကန်နိုင်ငံသားတစ်ဦးက မြန်မာလူငယ်တွေကို အွန်လိုင်းကနေ အကြမ်းဖက်သင်တန်းတွေပေးခဲ့ပြီး အကြမ်းဖက် NUG အဖွဲ့က ဆာဆာ တက်ရောက်ခဲ့တဲ့ အထောက်အထားကို စင်ကာပူ အခြေစိုက်မီဒီယာတစ်ခု ဖော်ထုတ်ခဲ့ပါသေးတယ်။ သူတို့အသုံးချခဲ့ကြတာက ပညာအခြေခံနည်းပါးသူတွေ၊ NLD ကိုထောက်ခံတဲ့ နိုင်ငံရေးအစွန်းရောက်သူတွေနဲ့ ဖျက်လိုဖျက်ဆီးစိတ်ခံတ်အခံရှိသူတွေကို ရှေ့တန်းတင်စည်းရုံးပြီး နိုင်ငံနဲ့ အဝန်း အကြမ်းဖက်လုပ်ရပ်တွေ ဆောင်ရွက်ဖို့ လှုံ့ဆော်ဝါဒဖြန့်ချိခဲ့ကြပါတယ်။ ဒါကြောင့်လည်း အပြစ်မဲ့ ဝန်ထမ်းတွေနဲ့ ပြည်သူလူထုကို ဒလန်လို့ စွပ်စွဲပြီး အကြောင်းမဲ့အကြမ်းဖက် သတ်ဖြတ် မှုတွေ ဖြစ်ပွားလာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေရဲ့ တရားခံအစစ်က ပြည်တွင်း/ပြည်ပ မီဒီယာအမည်ခံ လေလှိုင်းပေါ်က လူသတ်သမားများ ဖြစ်ပါတယ်။

နောက်ထပ်သိသာထင်ရှားတာတစ်ခုက အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့ အနာဂတ်လူငယ်တွေ ပညာရေးအတွက် စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေ ပြန်လည်ဖွင့်လှစ်ပေးတဲ့အချိန်မှာ ကလေးတွေ ကျောင်းမတက်ကြအောင်၊ ကျောင်းမတက်ရဲကြအောင် အမျိုးမျိုး လှုံ့ဆော်ဝါဒဖြန့်ခဲ့ကြပါတယ်။ မြေပြင်မှာလည်း စာသင်ကျောင်းတွေကို ဗုံးခွဲတာ၊ မီးရှို့တာတွေကို တစ်ပြိုင်နက်ကျူးလွန်ခဲ့ကြပါတယ်။ သို့ပေမယ့်လည်း အစိုးရရဲ့ စေတနာအမှန်နဲ့ မြန်မာနိုင်ငံရဲ့ အနာဂတ်လူငယ်တွေရဲ့ ပညာရေးကို နားလည်တဲ့ မိဘပြည်သူတွေကြောင့် သူတို့ရဲ့ ဝါဒဖြန့်ချိမှု ရာနှုန်းပြည့်မအောင်မြင်ခဲ့ဘဲ ကျောင်းသား/သူ အများစု ကျောင်းပြန်တက်နေကြတာ ဝမ်းသာစရာ မြင်ကွင်းပဲဖြစ်ပါတယ်။ *စာမျက်နှာ ၇ သို့*

# မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာဆိုင်ရာ တရားရုံးအမိန့်ဖတ်ကြားပွဲသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ နယ်သာလန်နိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ် (Convention on the Prevention and Punishment of the Crime of Genocide) ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် တရားစွဲဆိုထားခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံက တင်သွင်းခဲ့သည့် ကနဦးကန့်ကွက်လွှာ (Preliminary Objections) အပေါ် တရားရုံးအမိန့် ဖတ်ကြားပွဲကို နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ တရားရုံးအမိန့်ဖတ်ကြားပွဲသို့ တက်ရောက်ရန် ကိုယ်စားလှယ် (Agent) ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အလှည့်ကျကိုယ်စားလှယ် (Alternate Agent) ဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ပူးတွဲခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်မြို့မှ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့သို့ ထွက်ခွာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဦးဆောင်သော တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လိုက်လံပို့ဆောင်သည်။ (ယာပုံ)

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမ်စတာဒမ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယနေ့ နံနက် ၆ နာရီ ၃၅ မိနစ်တွင် ရောက်ရှိခဲ့ရာ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့မှ သံအမတ်ကြီး ဦးစိုးလင်းဟန်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် လာရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၆ မှ*

### သတင်းအဆိပ်ခတ်မှု ဆောင်ရွက်

နိုင်ငံရေးနဲ့ ပညာရေးမှာသာမက စစ်ရေးမှာလည်း သတင်းအဆိပ်ခတ်မှုတွေ ဝါဒဖြန့်ချိမှုတွေ လုပ်ဆောင်နေကြတာပါပဲ။ လတ်တလော တပ်မတော်ရဲ့ ဥကရစ်ထစခန်းကို ပြည်ပငွေကြေးထောက်ပံ့မှုနဲ့ PDF လေးတွေကို အသုံးချပြီး တိုက်ခိုက်ခဲ့ပေမယ့်လည်း KNDO နဲ့ PDF တွေ စခန်းသိမ်းလို့မရဘဲ ခွက်ခွက်လန်အောင် ရှုံးနိမ့်ခဲ့ကြပါတယ်။ သို့ပေမယ့်လည်း ဒီစခန်းကို စတင်တိုက်ခိုက်တဲ့အချိန်မှာပဲ စခန်းသိမ်းနိုင်ပြီဖြစ်ကြောင်း ကြိုတင်ဝါဒဖြန့်ခဲ့ကြပြီး၊ သေဆုံးသွားတဲ့ PDF နဲ့ KNDO အလောင်းတွေကို စုပုံပြီး တပ်မတော်ဘက်က ကျဆုံးလေသယောင် ဝါဒဖြန့်နေကြတာပါပဲ။ တကယ်တော့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေဟာ မြန်မာနိုင်ငံနဲ့ နိုင်ငံသားတွေအတွက်တော့ အရှုံးချည်းပဲဆိုတာကို နားလည်တဲ့အတွက် နစကအစိုးရကတော့ ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုကို တစိုက်မတ်မတ်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ နစကဥက္ကဋ္ဌက ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားချက်က နစကအစိုးရရဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ပါတယ်။

အထက်မှာ ဖော်ပြခဲ့သလို ပြည်သူတွေကို သတင်းမှားတွေနဲ့ လှုံ့ဆော်တာ၊ အဆိပ်ခတ်တာများလာတဲ့အတွက် အမှန်တရားကိုလိုလားတဲ့ ပြည်သူတွေထဲကပဲ စနစ်တကျ စောင့်ကြည့်မှတ်တမ်းတင်နေတဲ့ အဖွဲ့တွေရှိလာပါတယ်။ ဒီအဖွဲ့တွေထဲက Fact Check ဆိုတဲ့အဖွဲ့ကတော့ အတော်လေး တစိုက်မတ်မတ်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီအဖွဲ့က ဖော်ထုတ်ထားတဲ့ အချက်အလက်တွေအရ **ပြည်ပအထောက်အပံ့ယူပြီး ဆောင်ရွက်နေကြတဲ့ ပြည်တွင်း/ပြည်ပ မီဒီယာများဖြစ်တဲ့ DVB ၊ Khit Thit ၊ Mizzima နဲ့ Ayeyarwaddy Times အပါအဝင် အခြားသော သတင်းမီဒီယာအမည်ခံ လေလှိုင်းပေါ်က လူသတ်သမားများရဲ့ လုပ်ကြံသတင်းအတု/ သတင်းအမှား/ သတင်းအမှန်တွေကို ရှင်းရှင်းလင်းလင်း သိရှိပါတယ်။ Fact Check အဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ ဇွန်လတစ်လအတွင်းမှာ ပြည်ဖျက်မီဒီယာတွေကနေ ထုတ်လွှင့်နေတဲ့ လုပ်ကြံသတင်းအတု ၃၅၆ ပုဒ်၊ သတင်းအမှား ၈၇ ပုဒ်၊ သတင်းအမှန် ၁၂၇ ပုဒ် ရှိကြောင်း တွေ့ရှိရလို့ အဆိုပါမီဒီယာတွေကနေ ထုတ်လွှင့်ရေးသားချက်တွေရဲ့ ၄ ပုံ ၃ ပုံက အမှားတွေဖြစ်တယ်ဆိုတာကို ပြည်သူများ သိရှိနားလည်စေချင်ပါတယ်။**

၁ ၂ ၃

**ဇွန်လ(၁)ရက်နေ့မှ ဇွန်လ (၃၀)ရက်နေ့ထိ ပြည်တွင်း/ပြည်ပ မီဒီယာအချို့၏သတင်းတင်ထားမှုစစ်တမ်း**

| စဉ် | မီဒီယာအမည် | လုပ်ကြံသတင်းအတု | သတင်းအမှား | သတင်းအမှန် |
|---|---|---|---|---|
| ၁ | Khit Thit | ၁၁၈ | ၃၆ | ၃၈ |
| ၂ | Mizzima | ၅၅ | ၁၃ | ၂၇ |
| ၃ | Tachileik News Agency | ၃၇ | ၁၆ | ၁၁ |
| ၄ | DVB | ၃၆ | ၉ | ၁၈ |
| ၅ | သစ်ထူးလွင် | ၃၆ | ၅ | ၁၅ |
| ၆ | မြေလတ်အသံ | ၃၁ | ၄ | ၁၅ |
| ၇ | Delta News Agency | ၂၉ | ၄ | ၃ |
| ၈ | Ayeyarwaddy Times | ၁၄ | - | - |
| | စုစုပေါင်း | ၃၅၆ | ၈၇ | ၁၂၇ |

**သတင်းစိစစ်ချက် အသေးစိတ်အား https://www.facebook.com/profile.php?id=100077272015649**

**ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

နံပါတ် (၁) အဝါရောင်လေးနဲ့ ဝိုင်းပြထားတဲ့ "လုပ်ကြံသတင်းအတု" ဆိုတာက ဖြစ်စဉ်လုံးဝမရှိဘဲ မြေပြင်မှာ အမှန်တကယ် ဖြစ်နေသလိုမျိုး ဓာတ်ပုံ၊ ဗီဒီယိုတွေကို ဖြတ်ညှပ်ကပ်ပြုလုပ်ပြီး လုပ်ကြံဖန်တီးရေးသားထားတဲ့ သတင်းများဖြစ်ပါတယ်။ PDF အကြမ်းဖက်သမားတွေက လုပ်ကြံသတ်ဖြတ်ပေမယ့် PDF လုပ်တယ်လို့မပြောဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက လုပ်ဆောင်သလိုမျိုး မီဒီယာတွေပေါ်မှာ တင်တဲ့ သတင်းတွေ ဖြစ်ပါတယ်။ နံပါတ် (၂) အစိမ်းရောင်လေးနဲ့ ဝိုင်းပြထားတဲ့ "သတင်းအမှား"ဆိုတာကတော့ လက်တွေ့မြေပြင်မှာ ဖြစ်စဉ်အမှန်တကယ်ဖြစ်ခဲ့ပေမယ့် တစ်စိတ်ကို တစ်အိတ်လုပ်ပြီး ပိုပြောထားတဲ့ သတင်းဖြစ်စဉ်တွေပဲ ဖြစ်ပါတယ်။ ဒီလိုဖြစ်စဉ် အမှန်တွေကြားမှာ သတင်းဖတ်သူတွေကို ဇဝေဇဝါဖြစ်စေမယ့် သူတို့ဖြစ်စေချင်တဲ့ အကြောင်းအရာတွေ၊ အတွေးအခေါ်တွေကို ထည့်သွင်းရေးသားထားတဲ့ "သတင်းအမှား" များဖြစ်ပါတယ်။

ပြည်ဖျက်မီဒီယာများရဲ့ သတင်းအတု၊ သတင်းအမှားများကို Fact Check အဖွဲ့ရဲ့ စိစစ်ချက်အရ PDF အကြမ်းဖက်အဖွဲ့တွေဟာ NUG အဖွဲ့ရဲ့ စေခိုင်းချက်အတိုင်း "ငါနဲ့မတူငါ့ရန်သူ" ဆိုပြီး သူတို့ကို မထောက်ခံတဲ့ အပြစ်မဲ့ပြည်သူလူထုကို ပစ်မှတ်ထားပြီး အကြောင်းမဲ့သတ်ဖြတ်နေတာကို တွေ့ရပါတယ်။ ဒီလိုသတ်ဖြတ်ကြတဲ့ သတင်းတွေမှာလည်း အပြစ်မဲ့ပြည်သူတွေကို ဒလန်ဆိုပြီး စွပ်စွဲဖော်ပြထားကြောင်း တွေ့ရပါတယ်။

### လေလှိုင်းပေါ်က လူသတ်သမားများ

**ဒီဖြစ်စဉ်တွေကို ကြည့်ရမယ်ဆိုရင် အေးချမ်းစွာနေထိုင်တဲ့ပြည်သူတွေဟာ ၎င်းတို့ရဲ့ လူမှုဘဝအဆင်ပြေဖို့ ရိုးရိုးရှင်းရှင်း ဖြတ်သန်းနေချိန်မှာ ကြောက်စိတ်တွေ လွှမ်းမိုးလာအောင် PDF အကြမ်းဖက်သမားတွေက ရက်ရက်စက်စက် သတ်ဖြတ်ပြနေကြတာကို မီဒီယာတွေကနေတစ်ဆင့် လှုံ့ဆော်ပေးနေတာဖြစ်ပါတယ်။ သူတို့ရဲ့ သတ်ဖြတ်မှုတွေဟာ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ၊ ဘုန်းကြီး၊ သီလရှင် မခွဲခြားတော့ဘဲ သူတို့ကိုမထောက်ခံတဲ့ သူမှန်သမျှကို ဒလန်လို့ စွပ်စွဲပြီး သတ်ဖြတ်နေကြခြင်း ဖြစ်ပါတယ်။ နယ်မြို့တွေမှာရှိတဲ့ ပြည်သူတွေဆိုရင် နေအိမ်များပါ မီးရှို့တဲ့အထိ PDF များက ရက်စက်ကြပါတယ်။ ဒီလို PDF များရဲ့ ရက်စက်မှုတွေကိုလည်း ဒေါ်လာစား မီဒီယာအမည်ခံ လေလှိုင်းပေါ်က လူသတ်သမားများနဲ့ အောက်လုံးထိုးသမားတွေက အမြဲဖုံးကွယ်ထားကြပါတယ်။**

### သတင်းတွေကို ချင့်ချိန်ပြီးယုံ

ဒါကြောင့် ဒီလိုငွေမျက်နှာ တစ်ခုတည်းကြည့်ပြီး လုပ်ကြံသတင်းအတု၊ သတင်းအမှားတွေကို သတင်းအဆင့်အတန်းမရှိစွာနဲ့ ထပ်ခါတလဲလဲ ရေးသားဖော်ပြနေတဲ့ မီဒီယာအမည်ခံ သတင်းဌာနများကို ပြည်ဖျက်မီဒီယာများ၊ ကျင့်ဝတ်သိက္ခာမရှိသော ဝါဒမှိုင်းတိုက်နေတဲ့ မီဒီယာများ၊ သတင်းရောင်းစားသူများ၊ လေလှိုင်းပေါ်က လူသတ်သမားများအဖြစ် သတ်မှတ်ရခြင်း ဖြစ်ပါတယ်။ အမှန်တော့ မီဒီယာအမည်တောင် ခံယူထိုက်သူတွေ မဟုတ်ပါဘူး။ တကယ့်မီဒီယာသမားစစ်စစ်တွေအတွက် သိက္ခာကျရပါတယ်။ သူတို့ရဲ့ အဓိကရည်ရွယ်ချက်က သတင်းအတု၊ သတင်းအမှားတွေကို ပြည်သူတွေယုံမှားပြီး အချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ ပြည်သူနဲ့ တပ်မတော်ကြား သွေးကွဲအောင်၊ အမြင်မကြည်အောင် လုပ်ဆောင်နေခြင်းဖြစ်တဲ့အတွက် သတင်းဖတ်ရှုကြတဲ့ ပြည်သူများအနေနဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ သတင်းအမှားတွေကို မယုံကြည်ဖို့နဲ့ Social Media ပေါ်ရှိ သတင်းတွေကို ချင့်ချိန်ပြီးယုံကြပါလို့ စေတနာရှေ့ထားပြီး ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများကို သွားရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ရှိ အမှတ်(၃) ရဲလေ့ကျင့်ရေးကျောင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်ရန် ရောက်ရှိနေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ၊ အခြားအဆင့်၊ ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ လိုအပ်သည်များကို တွေ့ဆုံမှာကြားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။






### တည်ငြိမ်အေးချမ်းရန်ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မုံရွာမြို့ နယ်မြေခံ တပ်နယ်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ နယ်မြေခံတပ်နယ်ခန်းမတွင် ပခုက္ကူခရိုင်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်လည်းကောင်း၊ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ ခရိုင်စုပေါင်းရုံး၌လည်းကောင်း၊ ရေဦးမြို့ "ရွှေနဒီ" ခန်းမ၌လည်းကောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို တွေ့ဆုံပြီး လက်ရှိနိုင်ငံတော်၌ ဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှု တိုးတက်လာသည့် အခြေအနေများကို ရှင်းလင်းချပြပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် အစဉ်အလာကောင်း(၁၂)ရပ်တွင်ပါရှိသည့် "နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်"ဟူသည့် အချက်နှင့်အညီ တပ်မတော်နှင့်အတူ လက်တွဲ၍ လက်ရှိနိုင်ငံတော်၏ အခြေအနေကို တည်ငြိမ်အေးချမ်းရန် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

### ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်

မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကျင့်သုံးနေသည့် နိုင်ငံဖြစ်သည့်အတွက် မဲပေးခွင့်ရှိသူအားလုံး ဆန္ဒမဲပေး၍ မှန်ကန်မျှတမှုရှိသည့် ရွေးကောက်ပွဲ ကျင်းပရမည်ဖြစ်ကြောင်း၊ ယင်းသို့ကျင်းပရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် အပိုဒ်(၅)တွင် ပါရှိသည့်အတိုင်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ရွေးကောက်ပွဲပြန်လည်ကျင်းပပြီး အနိုင်ရရှိသည့် ပါတီအား ဒီမိုကရေစီစံနှုန်းနှင့်အညီ နိုင်ငံတော်အာဏာအား လွှဲပြောင်းရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲကျင်းပရန် နိုင်ငံတစ်ဝန်း လုံခြုံအေးချမ်း၍ တည်ငြိမ်မှုရှိရန်လိုအပ်ကြောင်း၊ ယင်းသို့ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် နောင်တော်တပ်မတော်နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း ဖြစ်ကြောင်း၊ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ လုံခြုံရေးသတိရှိစွာဖြင့် မိမိတို့၏ တာဝန်အား ကျေပွန်စွာဆောင်ရွက်သွားရန်၊ ထိုသို့ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အောင်မြင်မှုအကျိုးအမြတ်များရရှိခဲ့ပြီး ယခင်ထက် နယ်မြေဒေသအတွင်း လုံခြုံ၊ တည်ငြိမ်မှု အခြေအနေ တိုးတက်မှုများ ရှိလာခဲ့သည့်အတွက် ဆောင်ရွက်ခဲ့မှုများအပေါ် ဂုဏ်ပြုပါကြောင်းနှင့် လုံခြုံရေးတာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းမှာကြားပြီး တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ခရိုင်စုပေါင်းရုံး၌လည်းကောင်း၊ ရေဦးမြို့ "ရွှေနဒီ"ခန်းမ၌လည်းကောင်း ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံပြီး လက်ရှိနိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှု တိုးတက်လာသည့် အခြေအနေနှင့် အထက်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ထိရောက်စွာ ဖွဲ့စည်းဆောင်ရွက်သွားကြရန်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်၍ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးစား၍ တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြား၍ ထောက်ပံ့ငွေများပေးအပ်သည်။

### အားပေးစကားပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ထမ်းဆောင်ရင်း ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်မိသားစုများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေများပေးအပ်၍ အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း အမှတ်(၃)ရဲလေ့ကျင့်ရေး သင်တန်းကျောင်းသို့ရောက်ရှိစဉ် ရဲတပ်သားသစ်စားရိပ်သာကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စားရိပ်သာ၌ ရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၃၉/၂၀၂၂)မှ သင်တန်းသားများနှင့်အတူ နေ့လယ်စာ စားသုံးသည်။

### ညစာစားပွဲသို့တက်ရောက်

ဇူလိုင် ၂၀ ရက် ညပိုင်း၌ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့တက်ရောက်ခဲ့ပြီး လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်သည့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်နိုင်ရန်အတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာခရက်ဒစ်ဗျူရို၏ ဒါရိုက်တာအဖွဲ့ဝင်များ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် မြန်မာခရက်ဒစ်ဗျူရို၏ ဒါရိုက်တာအဖွဲ့ဝင်များ တွေ့ဆုံအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟန်စိုးနှင့် အရာထမ်းများ၊ မြန်မာခရက်ဒစ်ဗျူရို၏ ဥက္ကဋ္ဌ ဦးဇော်လင်းအောင်၊ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်သော ဦးဇော်မိုးအောင်၊ Mr. William Linn၊ Ms. Lee Sin Jit၊ Head of Operation ဒေါ်ကျော့ကေခိုင်နှင့် ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး ဒေါ်မြတ်နိုးသဇင်နိုင်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ဘဏ်များက ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်၌ Data အချက်အလက်များနှင့် ဆောင်ရွက်ပြီးစီးမှု၊ ဘဏ်များပါဝင်ဆောင်ရွက်သည့် အခြေအနေ၊ ဗဟိုဘဏ်က ကူညီပံ့ပိုးပေးရမည့် အခြေအနေများကို ဆွေးနွေးသည်။

ဆက်လက်၍ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေး ဌာန ညွှန်ကြားရေးမှူးချုပ်က ဘဏ်များ၏ Credit Reporting နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် လိုအပ်သည့်အချက်များ၊ Data Security ပိုင်းကိုလည်းကောင်း၊ မြန်မာခရက်ဒစ်ဗျူရို၏ Head of Operation ဒေါ်ကျော့ကေခိုင်က လက်ရှိဘဏ်များက Data Upload အခြေအနေ၊ Credit Data များ၏ နောက်ဆုံးရရှိထားသည့် အခြေအနေ၊ Credit Report ကို လအလိုက် ဘဏ်များက အသုံးပြုလျက်ရှိသည့် အခြေအနေများနှင့် လုပ်ငန်း ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကိုလည်းကောင်း၊ အဖွဲ့ဝင်ဘဏ်များအပေါ် ကောက်ခံမည့်အဖွဲ့ဝင်ကြေးနှင့် Reporting ရယူသည့်အပေါ်တွင် ကောက်ခံမည့်နှုန်းထားများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးကဏ္ဍအတွက် မြန်မာခရက်ဒစ်ဗျူရို၏ လက်တွေ့ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် မြန်မာခရက်ဒစ်ဗျူရိုနှင့် ပူးပေါင်း၍ Public Awareness ပိုမိုရရှိရေး၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်း (PR System) ဆိုင်ရာအကောင်အထည်ဖော်ရေးဗဟိုကော်မတီ စည်းဝေး

## ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်အထိ လျှောက်ထားသူနှင့် မိသားစုအပါအဝင် စုစုပေါင်း ၇၂၆ ဦးရှိ

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများနှင့်ပတ်သက်၍ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်း (Permanent Residence System–PR System) ဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးနှင့် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





**PR နည်းဥပဒေနှင့်အညီဆောင်ရွက်**

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ စတင် ဆောင်ရွက်ခဲ့ပြီး ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်၊ အခြားနိုင်ငံသားခံယူထားပြီး မိမိနိုင်ငံကို အထောက်အကူပြုမည့် မြန်မာနိုင်ငံသားဟောင်းနှင့် မြန်မာနိုင်ငံသားနှင့် သွေးချင်းဆက်စပ်သူနိုင်ငံခြားသားဟူ၍ အမျိုးအစားလေးမျိုးဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စတင်ဆောင်ရွက်ချိန်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်အထိ လျှောက်ထားသူနှင့် မိသားစုအပါအဝင် စုစုပေါင်း ၇၂၆ ဦးရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ အတည်ပြုခွင့်ပြုပေးပြီးသူ မိသားစုအပါအဝင် ၆၄၈ ဦး ရှိပြီဖြစ်ကြောင်း၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွက် နိုင်ငံခြားငွေရရှိရေးနှင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် များစွာအထောက်အကူပြုသည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်အား PR နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လျှောက်ထားသူများအနက် PR နည်းဥပဒေအရ ငြင်းပယ်ခဲ့သူ ခုနစ်ဦး၊ လျှောက်ထားခြင်းကို ပြန်လည်ပယ်ဖျက်သူတစ်ဦး၊ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေအရ လေကြောင်းလိုင်းများ ပိတ်ထားခြင်းကြောင့် ဗဟိုကော်မတီမှ လူတွေ့စစ်ဆေးအကဲဖြတ်ရန် ကျန်ရှိသည့် လျှောက်ထားသူ ၃၉ ဦးနှင့် မိသားစု ၁၂ ဦး၊ ယခု ထပ်မံလျှောက်ထားသူ ၁၁ ဦးနှင့် မိသားစု ခုနစ်ဦး စုစုပေါင်း လျှောက်ထားသူ ၅၀ နှင့် မိသားစုဝင် ၁၉ ဦး စုစုပေါင်း ၆၉ ဦးရှိကြောင်း၊ ၎င်းတို့အနက် လုပ်ငန်းကော်မတီမှ ပဏာမစိစစ်ပြီးသူများနှင့် ယခင်လူတွေ့စစ်ဆေးရန် ကျန်ရှိသူများအနက်မှ လာရောက်ဖြေဆိုမည့်သူ မိသားစုဝင်များအပါအဝင် ၂၁ ဦးအား ယခုအစည်းအဝေးတွင် လူတွေ့စစ်ဆေးအကဲဖြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း အဓိကလျှောက်ထားသူ ၁၂ ဦးကို လူတွေ့စစ်ဆေးအကဲဖြတ်ဆောင်ရွက်မည်ဖြစ်ရာ တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များအနေဖြင့် လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေးအတွက် ဝိုင်းဝန်းအကြံပြု သုံးသပ်အကဲဖြတ် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုးက နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အမြဲနေထိုင်ခွင့်စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးမှုနှင့် ဆောင်ရွက်ရသည့် လုပ်ငန်း အစီအစဉ်များကိုလည်းကောင်း၊ တာဝန်ခံအရာရှိက လက်ရှိလူတွေ့စစ်ဆေးအကဲဖြတ်မည့် PR လျှောက်ထားသူ ၁၂ ဦး၊ မိသားစုဝင် ကိုးဦးတို့၏ ကိုယ်ရေးအချက်အလက်များ၊ လုပ်ငန်းကော်မတီနှင့် ဗဟိုကော်မတီတို့မှ စိစစ်ဆောင်ရွက်ခဲ့မှုနှင့် လူတွေ့အကဲဖြတ် စိစစ်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**အကဲဖြတ်အတည်ပြု**

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများကို တစ်ဦးချင်းတွေ့ဆုံကာ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များမှ သိရှိလိုသည်များ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေအပေါ် သိရှိလိုက်နာဆောင်ရွက်ရေးနှင့် တည်ဆဲဥပဒေများနှင့်အညီ နေထိုင်နိုင်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးကြပြီး အကဲဖြတ်အတည်ပြု ဆုံးဖြတ်ကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးသည် PR လျှောက်ထားသူ ၁၂ ဦးကို ထပ်မံတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် (PR System) ကျင့်သုံးခွင့်ပြုရခြင်း၏ ရည်ရွယ်ချက်၊ PR လျှောက်ထားမှုလုပ်ငန်းစဉ်အဆင့်ဆင့်၊ PR နည်းဥပဒေပြဋ္ဌာန်းမှုနှင့် PR နည်းဥပဒေအပါအဝင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

**လူတွေ့အကဲဖြတ်စစ်ဆေးမည်**

ယခုအစည်းအဝေးတွင် PR လျှောက်ထားသူ ၁၂ ဦးကို လူတွေ့အကဲဖြတ်စစ်ဆေးကာ ၎င်းတို့နှင့်အတူ လျှောက်ထားသည့် မိသားစုဝင် ကိုးဦးအပါအဝင် စုစုပေါင်း ၂၁ ဦးအတွက် စစ်ဆေးအကဲဖြတ်ဆောင်ရွက်ခဲ့ကြပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြကာ အတည်ပြုခွင့်ပြုသူများကို နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးနိုင်ရေး ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# KG တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအတွက် တိုင်းရင်းသား ပုံပြပုံပြင်စာအုပ်များပေးအပ်

**ပဲခူး ဇူလိုင် ၂၁**

KG တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအတွက် တိုင်းရင်းသားတို့၏ ပုံပြ ပုံပြင်စာအုပ်များကို ပေးအပ်ရခြင်းသည် တိုင်းရင်းသားကလေးငယ်များ မိမိတို့၏ ဘာသာစကားနှင့် စာပေကို ပိုမိုစိတ်ဝင်စားလာစေရန်ဖြစ်ကြောင်း၊ ယခုပေးအပ်သည့် တိုင်းရင်းသား ပုံပြ ပုံပြင်စာအုပ်များသည် တိုင်းရင်းသားကလေးငယ်များ၏ မူလတန်းစာပေသင်ကြားရာတွင် များစွာ အထောက်အကူ ဖြစ်စေရန်နှင့် ကျောင်းထွက်နှုန်း လျော့ကျစေရန်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။



ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ဥသျှောင်မြို့သစ် ဓမ္မစေတီလမ်းနှင့် သစ်တောရိပ်သာ လမ်းထောင့်ရှိ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် KG တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအတွက် တိုင်းရင်းသား ပုံပြ ပုံပြင်စာအုပ်များ ပေးအပ်ပွဲ အခမ်းအနားတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းရင်းသားတို့၏စာပေနှင့် ဘာသာစကားတို့ကို အားပေးမြှင့်တင်ခြင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်လေးစားမှုတို့ ရရှိစေမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုများကို အလေးအနက် တန်ဖိုးထားတတ်စေရန် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက အားသွန်ခွန်စိုက်ကြိုးစား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကယား၊ ကရင်နှင့် အရှိုချင်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီများထံသို့လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက ပအိုဝ်းနှင့်ဗမာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီများထံသို့လည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက မွန်နှင့်ရှမ်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီများထံသို့လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာန ညွှန်ကြားရေးမှူးက ရခိုင် တိုင်းရင်းသားများအတွက် လည်းကောင်း တိုင်းရင်းသား ပုံပြ ပုံပြင်စာအုပ်များကို ပေးအပ်ကြသည်။

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ KG တိုင်းရင်းသား ကျောင်းသား ကျောင်းသူများဖြစ်သော ကယား၊ စကောကရင်၊ အရှိုချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်းနှင့် ဗမာ စသည့် တိုင်းရင်းသားများနှင့် သက်ဆိုင်သည့် ပုံပြပုံပြင် စာအုပ်ပေါင်း ၁၀၃၆၄၃ အုပ် ခွဲဝေပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇူလိုင် ၂၁**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွလက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရည်ချွန်ဆု ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ




နေပြည်တော် ဇူလိုင် ၂၁

**၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ ဝန်ထမ်းသား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူ နှစ်ဦးကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ လေးဦးအတွက် ဂုဏ်ပြုဆုငွေများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများအတွက် ဝတ်စုံစရိတ် တန်ဖိုးငွေကျပ်သိန်း ၁၆၅ ဒသမ ၆၀ နှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ တစ်စုံစီ တန်ဖိုးငွေကျပ် ၄၅ ဒသမ ၆၇၅ သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး၊ သုံးဘာသာဂုဏ်ထူး၊ နှစ်ဘာသာဂုဏ်ထူး၊ တစ်ဘာသာဂုဏ်ထူးနှင့် ရိုးရိုးအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေများနှင့် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများအတွက် ဝတ်စုံနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မန္တလေးမြို့မှ မရွှန်းလဲ့မိမိခိုင်က ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များသည် ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယနေ့ကျင်းပသော အခမ်းအနားတွင် ဝန်ကြီးဌာနတစ်ခုလုံးမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသား ကျောင်းသူ ၁၂၅ ဦးအနက် ရိုးရိုးအောင်မြင်သူ ၅၈ ဦးကို တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်း၊ ဘာသာစုံဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၄ ဦး စုစုပေါင်းဂုဏ်ထူးရရှိသူ ၆၇ ဦးတို့ကို ဂုဏ်ထူးတစ်ခုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၈) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကျင်းပ




**နေပြည်တော် ဇူလိုင် ၂၁**

(၁၈) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံမှ အလှည့်ကျအိမ်ရှင်အဖြစ်ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ်ဝင်းနိုင်က မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတိုင်းရင်ဆိုင် ကြုံတွေ့နေရသည့် အကြီးမားဆုံး ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ လူလုပ်ဆေးဝါးသစ်များ လွယ်ကူစွာ ဝယ်ယူရရှိမှုများသည် ပြဿနာကို ပိုမိုဆိုးရွားလာကြောင်း၊ မူးယစ်ဆေးဝါးများကို ဆက်သွယ်ရေး လုပ်ငန်းများ၊ ပုဂ္ဂလိက အမြန်ချောပို့လုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို အသုံးပြု၍ ပို့ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နေကြောင်းနှင့် အဓိကပင်လယ်ရေကြောင်းလမ်းများမှ တစ်ဆင့် သယ်ဆောင် ရောင်းဝယ်မှုများ ပြုလုပ်နေကြသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိကြောင်း။

နည်းပညာ တိုးတက်လာမှုကြောင့် အွန်လိုင်းဘဏ်လုပ်ငန်း ဝန်ဆောင်မှုများမှတစ်ဆင့် ငွေပေးချေမှုများ အသုံးပြုလာပြီး အွန်လိုင်း မူးယစ်ဆေးဝါးဈေးကွက်သည်လည်း ကျယ်ပြန့်စွာ နေရာယူထိုးဖောက်ဝင်ရောက်လာသည်ကို တွေ့ရှိရကြောင်း၊ မူးယစ်ကုန်ကူးသူတို့က ကမ္ဘာ့စီးပွားရေးကျပ်တည်းမှု အခြေအနေများကြောင့် အလုပ်လက်မဲ့ဦးရေများပြားလာမှုအပေါ် အခွင့်ကောင်းယူပြီး အလွယ်တကူဝင်ငွေရလွယ်သော မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုအတွက် သယ်ဆောင်ခပေး၍ အသုံးချလာကြောင်း၊ မူးယစ်ဆေးဝါးပျံ့နှံ့နေမှုအကျိုးဆက်အနေဖြင့် အချို့နိုင်ငံများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများ မြင့်တက်လာနေသည်ကိုလည်း တွေ့ရှိရကြောင်း၊ UNODC ၏ ၂၀၂၁ ခုနှစ်အတွင်း အရှေ့နှင့် အရှေ့တောင်အာရှဒေသရှိ လူလုပ်ဆေးဝါးနှင့်ပတ်သက်သည့် အစီရင်ခံစာအရ မက်သ်အဖက်တမင်းနှင့် မက်သ်အဖက်တမင်း(ပုံဆောင်ခဲ)ဖမ်းဆီးရမိမှု တစ်နေ့ထက် တစ်နေ့ ပိုမိုများပြားလာသည်နှင့်အညီ ထုတ်လုပ်မှုနှင့် သုံးစွဲသူဦးရေလည်း တိုးမြင့်လာကြောင်း၊ လူလုပ်ဆေးဝါးများ ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများသည်လည်း လျော့ကျသွားခြင်းမရှိဘဲ ဆက်လက်ကျယ်ပြန့်လျက် ရှိသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ဘက်ပေါင်းစုံမှ တားဆီးတိုက်ဖျက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မဲခေါင်ဒေသတွင်း နိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်မှုရလဒ်ကောင်းများ ရရှိခဲ့ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပရီကာဆာထိန်းချုပ်ရေးနှင့်ပတ်သက်၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဥပဒေ၊ နည်းဥပဒေများ ကွဲပြားခြားနားမှု၊ အိမ်နီးချင်းနိုင်ငံများနှင့် ရှည်လျားသော နယ်နိမိတ်ထိစပ်နေမှုအပေါ် အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အဓိကလိုအပ်သည့် ပရီကာဆာဓာတုပစ္စည်းများသည် နယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင်နည်းလမ်းမျိုးစုံနှင့် ဝင်ရောက်လျက်ရှိခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍ အထူးစစ်ဆင်ရေးများကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ နီးကပ်စွာပူးပေါင်းပြီး တူညီသော ရည်မှန်းချက်များနှင့် ဆောင်ရွက်မှုတို့ကြောင့် အောင်မြင်မှုများစွာ ရရှိမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (NNCC) အထွေထွေအတွင်းရေးမှူးချုပ်နှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဗျူရို(NCB) ညွှန်ကြားရေးမှူးချုပ် Mr. Liang Yun ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး နှစ်နိုင်ငံ ကိုယ်စားလှယ်များက လက်ရှိမူးယစ်ဆေးဝါး အခြေအနေများ၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာ ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ နိုင်ငံသားများ ပါဝင်ပတ်သက်သည့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများကို အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်နိုင်ရေး ကိစ္စရပ်များ၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် မှုခင်းများပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသတစ်လျှောက် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် ကိစ္စရပ်များ၊ (၁၉) ကြိမ် မြောက်အစည်းအဝေးကို တရုတ်နိုင်ငံ (NNCC) မှ အလှည့်ကျ အိမ်ရှင်အဖြစ်ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ အလုပ်သင်ဆရာဝန်များအား ကြိုဆိုပွဲအခမ်းအနားနှင့် ပညာရပ်ဆိုင်ရာဟောပြောပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန် ခုတင် (၅၀)ဆံ့ သင်ကြားရေးဆေးရုံနှင့် လက်တွေ့ဌာနများတွင် ဇူလိုင် ၁၈ ရက်မှစတင်၍ တစ်နှစ်ကြာ တာဝန်ထမ်းဆောင်မည့် အလုပ်သင်ဆရာဝန်များ ကြိုဆိုပွဲအခမ်းအနားနှင့် Oral lesions associated with COVID-19 infection (ကိုဗစ်- ၁၉ ရောဂါနှင့် ဆက်စပ်တွေ့ရလေ့ရှိသောခံတွင်းရောဂါများ) ခေါင်းစဉ်ဖြင့် သွားဘက်ဆိုင်ရာဆေးပညာ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးရေးအစီအစဉ် (Continuing Professional Development Programme) ပညာရပ်ဆိုင်ရာဟောပြောပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် "တုန္ဒိုင်းမမီခန်းမ"၌ ကျင်းပရာ အခမ်းအနားသို့ ဆေးလက်တွေ့ဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် အလုပ်သင်ဆရာဝန်များ တက်ရောက်ကြပြီး ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**သွားနှင့်ခံတွင်းရောဂါဝေဒနာရှင်များကိုကုသပေး**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်တွင် Online Registration ဖြင့် ကြိုတင်ရက်ချိန်းယူ၍ လာရောက်ပြသသည့် သွားနှင့်ခံတွင်းရောဂါဝေဒနာရှင်များကို အလုပ်သင်ဆရာဝန်များက ဆေးလက်တွေ့ဌာန အသီးသီး၌ ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကုသပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မည့် စီမံကိန်းအသစ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ဒေသကြီး(အရှေ့ပိုင်း)ရှိ ကွန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် ဖြူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့၏ ဓာတ်အားထုတ်လုပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာတွင် တည်ဆောက်ထားသည့် ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး ဓာတ်အားပေးစက်ရုံမှူးက စက်ရုံဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ သဘာဝအရင်းအမြစ်များ ရရှိမှုအပေါ်အခြေခံ၍ စီးပွားရေးအရ တွက်ခြေကိုက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မည့် စီမံကိန်းအသစ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတူ တည်ဆောက်ပြီး ဓာတ်အားပေးစက်ရုံများရှိ ဓာတ်အားပေးစက်များကို စက်စွမ်းအားပြည့် မောင်းနှင်လည်ပတ်နိုင်ရေးအတွက် ရေလှောင်တမံအတွင်း စီးဝင်လာသောရေကို စနစ်တကျသိုလှောင်၍ လျှပ်စစ်ဓာတ်အားများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ စက်ရုံရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ် Schedule အတိုင်း ဓာတ်အားပေးစက်များ လည်ပတ်ထုတ်လုပ်နိုင်ရေး ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် လုံခြုံရေးအထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်နေမှု၊ တာဘိုင်ခန်းအတွင်း စက်များမောင်းနှင်နေမှု၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲနှင့် ပင်မတမံကြံ့ခိုင်မှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖြူးမြို့အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် တည်ဆောက်ထားသည့် ဖြူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး တာဘိုင်ခန်းအတွင်း စက်များမောင်းနှင်နေမှု၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ပင်မတမံကြံ့ခိုင်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကွန်းချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ကွန်းချောင်းပေါ်တွင်တည်ရှိပြီး ၂၀ မဂ္ဂါဝပ်ထွက်ရှိသော ဓာတ်အားပေးစက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၆၀ မဂ္ဂါဝပ်ဖြင့် တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ လည်းကောင်း၊ ဖြူးချောင်း ဓာတ်အားပေးစက်ရုံသည် ဖြူးချောင်းပေါ်တွင်တည်ရှိပြီး ၂၀ မဂ္ဂါဝပ်ထွက်ရှိသော ဓာတ်အားပေးစက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်ဖြင့် တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ လည်းကောင်း စက်စွမ်းအားပြည့် ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသဖြင့် လက်ရှိအခြေအနေတွင် ရေဝင်ရောက်မှုနည်းသော်လည်း လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အား ပြည့်မီအောင် ရေလှောင်တမံများအတွင်းသို့ စီးဝင်လာသည့်ရေကို သိုလှောင်စုဆောင်းပြီး စနစ်တကျစီမံ၍ တစ်နှစ်ပတ်လုံး ဓာတ်အားစဉ်ဆက်မပြတ် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။





**သတင်းစဉ်**

# မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာပေါင်း ၄၆ ရွာရှိ

**နေပြည်တော် ဇူလိုင် ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ကျေးလက်ဒေသ အားနည်းလျော့ပါးသည့် ဒေသများနှင့် ရွှေ့ပြောင်းခြင်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးဌာနက Hybrid စနစ်ဖြင့် ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် ကျေးရွာအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဒေသတွင်း ဖိုရမ်သို့ ဝန်ကြီးဌာန နီလာခန်းမမှ ပါဝင်တက်ရောက်သည်။

အဆိုပါ ဖိုရမ်သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲ တာဝန်ခံများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ကြသည်။




အဆိုပါဖိုရမ်တွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာပေါင်း ၄၆ ရွာ ရှိပါကြောင်း၊ ထူးခြားသော ယဉ်ကျေးမှုနှင့် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဒေသတွင်းလူမှုအသိုင်းအဝိုင်း၏ အကျိုးစီးပွားကို အကျိုးပြုနိုင်ပါကြောင်း။

ခရီးသွားကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ဒေသတွင်းအဆင့်တွင် ကျေးရွာခရီးသွားလုပ်ငန်းများ၌ ခရီးစဉ်များ ဖန်တီးရန်နှင့် လိုအပ်သည့် စံနှုန်းများချမှတ်ရန် အရေးကြီးပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတွင် ဘက်စုံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဆင့် မြှင့်တင်ရန် အစိုးရ-ပုဂ္ဂလိက - ပြည်သူလူထုများ အတူတကွ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အလွန်အရေးကြီးပါကြောင်း၊ ဖိုရမ်တွင် ပါဝင်တက်ရောက်သူများ အားလုံးကို အာဆီယံဒေသ၏ ကျေးရွာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရီးသွားကျေးရွာ ဖွံ့ဖြိုးတိုးတက် ရေးမဟာဗျူဟာနှင့် နိုင်ငံအဆင့်၊ အာဆီယံဒေသတွင်းအဆင့်တွင် ခရီးသွားကျေးရွာများ၏ ထုတ်ကုန်များ မြှင့်တင်ဖန်တီးနိုင်မည့် အခွင့်အလမ်းများ၊ Gianyar ခရီးသွားကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးပွားရေးတို့ကို ပံ့ပိုး ကူညီမှုဆိုင်ရာ အတွေ့အကြုံကောင်းများ၊ ခရီးသွားကျေးရွာ စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံကောင်းများ၊ ခရီးသွားကျေးရွာများ၏ ထုတ်ကုန်များ ဖန်တီးရာတွင် စိန်ခေါ်မှုများ၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတွင် ခရီးသွားကျေးရွာများ၏ အခန်းကဏ္ဍအရေးပါမှု၊ တရုတ်နိုင်ငံရှိ ခရီးသွားကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသခံများ ပါဝင်မှုနှင့် အာဆီယံဒေသတွင်း အဆင့်တွင် တရုတ်နိုင်ငံမှ ခရီးသွားလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ အခွင့်အလမ်းများကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က မြန်မာနိုင်ငံတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ကျေးလက်ဒေသ ခရီးသွားလုပ်ငန်း အကြောင်းအရာများကို ဆွေးနွေးသည်။

အဆိုပါ ဖိုရမ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးတွဲခရီးစဉ် Packages များကို ရေးဆွဲဖော်ဆောင်ရန်၊ ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် စံသတ်မှတ်ချက်များအား ရေးဆွဲဖော်ဆောင်ရန်၊ ခရီးစဉ်ဒေသများ မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကတိကဝတ်များ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေး သဘောထားအကြံပြုချက်များရရှိနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီးကုန်းမြို့နယ်၌ ဒေသကြက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူရေး လုပ်ကိုင်သူများသို့ ကြက်အကောင် ၁၀၀၀ ဖြန့်ဖြူးပေး

**ဇီးကုန်း ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ဒေသကြက်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေးလုပ်ကိုင်သူများအား ဒေသ ကြက်အကောင် ၁၀၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဇူလိုင် ၂၁ ရက်က ဖြန့်ဖြူးပေးသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလတ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာ ဇော်မင်းဦးတို့က သင်ကန်ကျေးရွာအုပ်စုသို့ ဒေသကြက်အကောင် ၂၅၀၊ မီးကောက်ပင် ကျေးရွာအုပ်စုသို့ အကောင် ၅၀၀ နှင့် ဘုရားပျို ကျေးရွာအုပ်စုသို့ အကောင် ၂၅၀ တို့ကို မွေးမြူရေးလုပ်ကိုင်သူများထံ လက်ဝယ်အရောက် ဖြန့်ဖြူးပေးအပ်ခြင်းဖြစ်သည်။

အဆိုပါ ဒေသ(မီးလွတ်) ကြက်များဖြင့် အသားတိုးမွေးမြူခြင်းနှင့် မျိုးကြက်ဥထုတ်လုပ်ခြင်းများ ဆောင်ရွက်လုပ်ကိုင်၍ ဒေသကြက်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက လိုအပ်သော မွေးမြူရေးနည်းစနစ်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၀၀ | ၁၇၅၀ | ၁၇၄၅ | ၁၇၁၀ | ၁၇၄၅ | ၁၇၇၀ | ၁၇၅၅ | ၁၇၃၅ | ၁၈၂၅ | ၁၈၄၅ | ၁၇၄၀ | ၁၇၅၀ | ၁၇၈၅ | ၁၇၈၅ | ၁၇၈၅ | ၂၀၀၅ | ၂၅၆၀ |
| 95 Ron | ၁၇၅၅ | ၁၈၀၀ | ၁၈၀၀ | ၁၇၆၀ | ၁၈၀၀ | ၁၈၂၀ | ၁၈၀၅ | ၁၇၈၅ | ၁၈၈၀ | ၁၈၉၅ | ၁၇၉၀ | ၁၈၀၅ | ၁၈၃၅ | ၁၈၃၅ | ၁၈၄၀ | ၂၁၅၅ | ၂၆၁၅ |
| HSD (500 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၁၉၅ | ၂၁၉၀ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၈၄၅ |
| HSD (50 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၁၂ | ၁၆၇၈ |
| 95 Ron | ၁၆၆၂ | ၁၇၂၉ |
| HSD (500 ppm) | ၁၉၅၂ | ၂၀၂၀ |
| HSD (50 ppm) | ၂၀၀၇ | ၂၀၇၇ |
| HSD (10 ppm) | ၂၀၀၇ | ၂၀၇၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ထားဝယ်မြို့၌ ကလေးသူငယ်အခွင့်အရေးများ၊ မူးယစ်ဆေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ထားဝယ် ဇူလိုင် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကျောင်းသား ကျောင်းသူများအား ကလေးသူငယ်အခွင့်အရေးများ၊ မူးယစ်ဆေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ကလေးသူငယ် အခွင့်ရေးကို ကလေးများကိုယ်တိုင် နားလည်သိရှိပြီး ကျရောက်နိုင်သည့် အန္တရာယ်များအား မိမိကိုယ်မိမိ ကာကွယ်နိုင်ရန်၊ ကလေးသူငယ် အခွင့်ရေးများရှိသလို ကလေးများ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများကိုလည်း သိရှိလိုက်နာတတ်ရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းအရာများကို သိရှိစေရန်နှင့် ကြိုတင်ကာကွယ် ရှောင်ရှားတတ်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြုလုပ်ခြင်းဖြစ်သည်။

ဟောပြောပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက သဘာဝကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသော ဘေးအန္တရာယ်များ၊ လိုက်နာဆောင်ရွက်ရန်/ သတိပြုရန်/ ရှောင်ရှားရန် အချက်များကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးအေးခိုင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများ၊ ကလေးသူငယ်အခွင့်အရေး လေးရပ်၊ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကလေးများ လိုက်နာ ဆောင်ရွက်သင့်သည့် အကြောင်းအရာများကိုလည်းကောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန တာဝန်ခံ ဦးဝေဟင်စိုးက မူးယစ်အန္တရာယ် လူ့ရန်စွယ်ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါး အန္တရာယ်များ အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်များနှင့် ဘောလ်ပင်များ ပေးအပ်ကာ အသိပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် လက်သန့်ဆေးရည် ၂၀ ဘူးပါ တစ်ဖာကို ကျောင်းအုပ်ကြီးထံ ပေးအပ်ကြောင်း သိရသည်။

**ရွှေပင်လယ်(ထားဝယ်)**

## ပြည်မြို့ (ပြည် - ပေါက်ခေါင်း) ကားလမ်းဘေး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပြည် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ပြည်သူလူထုအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာများ တိုးပွားလာစေရန်နှင့် ယင်းလုပ်ငန်းများတွင် ပြည်သူတို့ကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊ သစ်တောသစ်ပင်စိုက်ပျိုးခြင်းဖြင့် ဂေဟာစနစ်များ ပြန်လည်မြင့်တက်လာစေရန်နှင့် လမ်းဘေးဝဲယာတွင် အရိပ်ရစေရန် ရည်ရွယ်ချက်တို့ဖြင့် ခရိုင်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ပြည်မြို့ ကုန်းရိုးကျေးရွာအနီး (ပြည်-ပေါက်ခေါင်း)ကားလမ်းဘေး မိုင်တိုင်အမှတ်(၀/၇)နှင့် (၁/၇)အကြား၌ ယမန်နေ့က မိုးရာသီသစ်ပင်စိုက်ပျိုးသည်။ **(ယာပုံ)**

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံကျေးရွာပြည်သူများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက အဆိုပါလမ်းဘေးဝဲယာ၌ အရိပ်ရတမာပျိုးပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် ပြည်မြို့နယ်၌ အလားတူ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယခုနှစ် ဇွန်လအတွင်းကလည်း ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများနှင့် ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်ကြကြောင်း ပြည်ခရိုင်သစ်တောဦးစီးဌာနမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



## သီရိလင်္ကာ အစိုးရအဖွဲ့သစ်ဝန်ကြီးများ ဇူလိုင် ၂၂ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုမည်

**ကိုလံဘို ဇူလိုင် ၂၁**

သီရိလင်္ကာ အစိုးရအဖွဲ့သစ် ဝန်ကြီးများသည် ဇွန် ၂၂ ရက်တွင် ဝန်ကြီးချုပ်ရုံး၌ ကျမ်းသစ္စာကျိန်ဆိုကြမည်ဖြစ်သည်။

သမ္မတ၏ သတင်းမီဒီယာဌာနက အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲကို နံနက် ၉ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ရာနေးလ်ဝစ်ကရမ်ဆင်းသည် ဇူလိုင် ၂၁ ရက်က တရားသူကြီးချုပ် ဂျာရန်သာဂျာရာ ဆူရီယာရှေ့မှောက်တွင် သီရိလင်္ကာသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဝစ်ကရမ်ဆင်းသည် ဇူလိုင် ၂၀ ရက်က လွှတ်တော်တွင်ကျင်းပသော သမ္မတရွေးချယ်ပွဲ၌ နိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည်။ **ဆင်ဟွာ**



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ လွှတ်တော်အဆောက်အအုံတွင် ဇူလိုင် ၂၁ ရက်က ကျင်းပပြုလုပ်သော သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲ၌ ရာနေးလ်ဝစ်ကရမ်ဆင်းသည် ရှစ်ယောက်မြောက် သမ္မတအဖြစ် တရားသူကြီးချုပ် ဂျာရန်သာဂျာရာဆူရီယာရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုနေစဉ်။

## လက်ဘနွန်တွင် ရေပြတ်တောက်မှုက ပြည်သူ့သန်းပေါင်းများစွာ၏အသက်ကို ခြိမ်းခြောက်လျက်ရှိ

**ဘေရွတ် ဇူလိုင် ၂၁**

လက်ဘနွန်သည် ၎င်း၏ပျက်စီးယိုယွင်းနေသော ရေအဆောက်အအုံများကို အတတ်နိုင်ဆုံးပြုပြင်ရန် ကြိုးစားရုန်းကန်လျက်ရှိသော်လည်း ရေထောက်ပံ့ပေးရေးစနစ်သည် ပျက်စီးလျက်ရှိကာ ပြည်သူ့သန်းပေါင်းများစွာ၏ အသက်ကို ခြိမ်းခြောက်လျက်ရှိကြောင်း ကုလသမဂ္ဂကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြည်သူ့ရေထောက်ပံ့ရေးကွန်ရက်သည် လုံးဝပြိုလဲကျနေချိန်တွင် အဆိုပါရေအခက်အခဲပြဿနာကို မဖြေရှင်းနိုင်သရွေ့ ပြည်သူ့သန်းပေါင်းများစွာ သန့်ရှင်းပြီး စိတ်ချရသည့်ရေရရှိမှုတွင် ကန့်သတ်ချက်များရှိနေမည်ဖြစ်သည်။

အဆိုပါကိစ္စသည် လက်ဘနွန်ရှိ ကလေးများနှင့် မိသားစုများ၏ ဘဝအတွက် အရေးအကြီးဆုံးဖြစ်ကြောင်း လက်ဘနွန်နိုင်ငံရှိ ယူနီဆက်ဖ်ကိုယ်စားလှယ် အက်ဒွက်ဘေးဘက်ဒါက ပြောသည်။

လက်ဘနွန်၏ ရေပြတ်တောက်မှုသည် လျှပ်စစ်ဓာတ်အား လုံလောက်စွာမရရှိခြင်း၏ အကျိုးရလဒ်တစ်ခုဖြစ်ကြောင်း၊ လျှပ်စစ်မီးပြတ်တောက်ခြင်းက ရေကိုလုံလုံလောက်လောက် မစုပ်တင်နိုင်ကြောင်း ယူနီဆက်ဖ်၏အစီရင်ခံစာအရ သိရသည်။ **ဆင်ဟွာ**

## တရုတ်သမ္မတ ရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို တရုတ်နိုင်ငံသို့ လာရောက်မည်

**ပေကျင်း ဇူလိုင် ၂၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် တရုတ်နိုင်ငံသို့ ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချူရင်က ဇူလိုင် ၂၁ ရက်က ကြေညာခဲ့သည်။

လာရောက်မည့် ခရီးစဉ်နှင့် ပတ်သက်ပြီး မေးခွန်းများ မေးမြန်းမှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်က ဂျိုကိုဝီဒိုဒိုသည် ပေကျင်းဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပပြီးနောက် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးလာရောက်မည့် ပထမဆုံး နိုင်ငံရပ်ခြားခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။



အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို။

ခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သကဲ့သို့ တရုတ်ဝန်ကြီးချုပ် လီခဲ့ချန်းကလည်း ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ ထို့အပြင် ခေါင်းဆောင်များသည် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များသာမက နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်ပြီး အမြင်ချင်း ဖလှယ်ကြမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ်အတွင်း ကျင်းပမည့် ဂျီ-၂၀ အစည်းအဝေးအတွက်လည်း အခိုင်အမာထောက်ပံ့ပေးသွားမည်ဖြစ်သည်။ **ဆင်ဟွာ**

## အီတလီဝန်ကြီးချုပ် ရာထူးမှ တရားဝင်နုတ်ထွက်

**ရောမ ဇူလိုင် ၂၁**

အီတလီဝန်ကြီးချုပ် မာရီယို ဒရက်ဂီသည် ဇူလိုင် ၂၁ ရက်က ရာထူးမှ တရားဝင်နုတ်ထွက်ခဲ့ပြီး ၎င်း၏ လုပ်ပိုင်ခွင့်များကို သမ္မတလက်ထဲသို့ အပ်လိုက်သည်။ ထို့အတူ မာရီယိုဒရက်ဂီသည် ၁၇ လကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၎င်း၏ အမျိုးသားညီညွတ်ရေး အစိုးရကိုလည်း အဆုံးသတ်စေခဲ့သည်။

သမ္မတ ဆာဂျီယိုမက်တာရယ်လာက မာရီယို ဒရက်ဂီ၏ ရာထူးနုတ်ထွက်စာကို လက်ခံခဲ့ကြောင်း အီတလီသမ္မတနိုင်ငံ သမ္မတရုံး၏ အတွင်းရေးမှူးချုပ် အူဂိုဇမ်ပက်တီက ကြေညာချက်တစ်ခု၌ ဖတ်ကြားခဲ့သည်။

လက်ရှိ အစိုးရသည် မျက်မှောက်ရေးရာ ကိစ္စရပ်များကို ဂရုစိုက်သွားရမည်ဖြစ်ကြောင်း အီတလီသမ္မတနိုင်ငံ သမ္မတရုံး၏ အတွင်းရေးမှူးချုပ် အူဂိုဇမ်ပက်တီက ထုတ်ပြန်လိုက်သော ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။


အယုံအကြည်မရှိ မဲပေးပွဲ မတိုင်ခင် အောက်လွှတ်တော်ကို မိန့်ခွန်းပြောကြားနေစဉ် ဒရက်ဂီသည် သမ္မတမက်တာရယ်လာနှင့် အစောပိုင်းတွင် တွေ့ဆုံရန် ၎င်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ဇူလိုင် ၂၀ ရက်က အထက်လွှတ်တော်တွင် ကျင်းပခဲ့သော အယုံအကြည်မရှိ မဲပေးပြီးနောက် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်မည့် ဒရက်ဂီ၏ ဆုံးဖြတ်ချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**




အီတလီဝန်ကြီးချုပ် မာရီယို ဒရက်ဂီ (လယ်) ဇူလိုင် (၂၁) ရက်က အောက်လွှတ်တော်၌ မိန့်ခွန်းပြောနေစဉ်။

## အင်ဒိုနီးရှားခရီးသည်လေယာဉ်တစ်စင်း၏ လေယာဉ်မှူး အရေးပေါ်ဆင်းသက်မှုပြုခဲ့ပြီးနောက် သေဆုံး




စီးတီးလင့်ခ်လေကြောင်းလိုင်းမှ ခရီးသည်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

**ဂျကာတာ ဇူလိုင် ၂၁**

လေယာဉ်မှူး၏ ကျန်းမာရေးအခြေအနေကြောင့် အင်ဒိုနီးရှားတန်ဖိုးနည်း လေကြောင်းလိုင်းတစ်ခုဖြစ်သည့် စီးတီးလင့်ခ်လေကြောင်းမှ လေယာဉ်တစ်စင်းသည် အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်တစ်ခုရှိ ဂျူအန်ဒါအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဇူလိုင် ၂၁ ရက်က အရေးပေါ်ဆင်းသက်ခဲ့သည်။

စီးတီးလင့်ခ်ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဒီဝါကာဒက်ရေက ကျန်းမာရေးအခြေအနေကြောင့် အရေးပေါ်ဆင်းသက်ရန် ကြိုးစားခဲ့သော လေယာဉ်မှူးမှာ အနီးရှိ ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ပြီးနောက် သေဆုံးသွားခဲ့ကြောင်း ပြောကြားခဲ့သည်။

ပျံတက်ပြီး ၁၅ မိနစ်ကြာပြီးနောက် တောင်ဆူလာဝေစီပြည်နယ်ရှိ အူဂျန်ပန်ဒန်သို့ ပျံသန်းနေသည့် လေယာဉ်အမှတ် ကျူဂျီ ၃၀၇ လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် အရေးပေါ်ဆင်းသက်ခွင့် တောင်းခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

လေယာဉ်မှူး၏ မိသားစုများသို့ ဝမ်းနည်းကြောင်း စီးတီးလင့်ခ်ဥက္ကဋ္ဌက ပြောကြားခဲ့ပြီးနောက် စျာပန ကျင်းပရန်အတွက် လေယာဉ်မှူး၏ အလောင်းကို ၎င်း၏နေရပ်ဖြစ်သော ဂျကာတာရှိ နေအိမ်သို့ တိုက်ရိုက်ပို့ဆောင်ပေးခဲ့သည်။

စီးတီးလင့်ခ်အရာရှိများသည် ခရီးသည်များကို ဖြစ်ကြောင်းကုန်စင် ရှင်းလင်းပြောကြားခဲ့ပြီးနောက် ဝန်ဆောင်မှုများပေးခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

# ဘားအံမြို့အား သန့်ရှင်းသာယာလှပသော ခရီးသွားမြို့တော်အဖြစ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလို

**ဘားအံ ဇူလိုင် ၂၁**

ခရီးသွားလုပ်ငန်းအရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာစေရေး ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၇/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၀ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃) ၌ ကျင်းပသည်။ (ယာပုံ)



**ဂုဏ်ယူဝမ်းမြောက်**

အစည်းအဝေးတွင် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများ ပြန်လည်တွေ့ရှိလာရသည့်အတွက် ကိုဗစ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ Save Service အသိအမှတ်ပြုကတ်ပြားရရှိခဲ့သည့် The Grace Hotel နှင့် Keinnara Hpaan Hotel တို့အား ကရင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထို့အတူ ကျန်ရှိသည့်ဟိုတယ်များအနေဖြင့်လည်း အတုယူလိုက်နာ ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတွင်း ရိုးရာအစားအသောက်၊ မုန့်အမျိုးမျိုးနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်စေရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့အား သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ သန့်ရှင်းသာယာလှပသော ခရီးသွားမြို့တော်အဖြစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးလက်တွဲဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းအကြံပြု ဆွေးနွေး**

ယင်းနောက် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံကယခင်အပတ် (၆/၂၀၂၂)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် (၇/၂၀၂၂) အစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များက တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

**HSP Plque တံဆိပ်ပြားများပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က Enchanting Myanmar Protocol အစီအစဉ်အရ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ကိုဗစ်-၁၉ Save Service တံဆိပ်များ စနစ်တကျပေးအပ်နိုင်ရေး National Level အဆင့် အသိအမှတ်ပြုတံဆိပ်အတွက် Online မှ လျှောက်ထားရရှိခဲ့သော The Grace Hotel နှင့် Keinnara Hpaan Hotel တို့အား HSP Plque တံဆိပ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်၌ ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါ လုံးဝကင်းစင်ပပျောက်ရေးနှင့် ၂၀၃၀ ပြည့်နှစ်တွင် ဝက်သက်ရောဂါ ပပျောက်ရေးရည်မှန်းချက်များ အောင်မြင်ရေးဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၂၁**

ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများအား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများအားဖြည့်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း၌ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အညွှန်းကိန်းများ (VPD Surveillance Performance indicators) အရ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ယခုထက်ပို၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်၌ ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါ လုံးဝကင်းစင်ပပျောက်ရေး (Polio Eradication –2026) ရည်မှန်းချက်နှင့် ၂၀၃၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှဒေသတွင်း ဝက်သက်ရောဂါအား ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ လျော့နည်းပပျောက်ရေး (Measles Elimination–2030) ရည်မှန်းချက်တို့ အောင်မြင်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး အထူးသဖြင့် ပုံမှန်ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းခဲ့သော နေရာဒေသများတွင် ပိုလီယိုရောဂါ ကင်းစင်ပပျောက်စေရေးအတွက် လတ်တလောအကြောသေရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာ ချောင်းဆိုးရောဂါ၊ ဂျပန်ဦးနှောက်ရောင် ရောဂါနှင့် မွေးကင်းစကလေးမေးခိုင်ရောဂါ အစရှိသောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ကပ်ရောဂါအသွင်ဖြစ်ပွားပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး လက်ရှိအခြေအနေနှင့် နေရာဒေသအပေါ်မူတည်၍ မဟာဗျူဟာများ ချမှတ်ရမည်ဖြစ်ကြောင်း၊ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးနိုင်မှုသည်လည်း အလွန်အရေးကြီးသည့်အတွက် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအနေဖြင့်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုရေးတွင် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် ရောဂါများဖြစ်ပွားမှု၊ ဆေးရုံတက်ရောက် ကုသမှုတို့ကို သတင်း ပေးပို့နိုင်ရေးအတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအရာရှိကြီးများ၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယတိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်တက္ကသိုလ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ထားဝယ် ဇူလိုင် ၂၁**

ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ထားဝယ်တက္ကသိုလ်တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့် ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးနှင့် ဘာသာရပ်အသီးသီးမှ ဌာနမှူးများ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ကြင်ကြင်သန်းနှင့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားစွာ တက်ရောက်ကြောင်း သိရသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ထားဝယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာဖြူက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး လူငယ်များသည် နိုင်ငံတော်အတွက်တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်း ထူးခြားသောအင်အားစုတစ်ရပ်လည်း ဖြစ်ကြောင်း၊ နိုင်ငံတော်က လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အောင်မြင်စေရန်အတွက် မူဝါဒ ၇ ရပ်၊ ရည်မှန်းချက် ၇ ရပ်၊ လုပ်ငန်းစဉ် ၁၀ ရပ် တို့ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုမီဒီယာများကိုအသုံးချပြီး အတွေးအမြင်လွဲမှားအောင် အလွယ်တကူ လုပ်ဆောင်လာနိုင်သည်ကို တွေ့ရကြောင်း၊ လူမှုမီဒီယာအားကောင်းနေသည့်ကာလတွင် လူမှုမီဒီယာတွင် ရေးသားချက်များအပေါ် မိမိတို့၏ ပညာကိုအခြေခံပြီး ဆင်ခြင်တုံတရား၊ အမှားအမှန်ကို ခွဲခြားနိုင်စွမ်းဖြင့် ဉာဏ်ပညာပြည့်ဝနေရန် လိုအပ်ကြောင်း၊ အသိဉာဏ်ပညာနည်းပါးနေမည်ဆိုပါက အလွယ်တကူလမ်းမှားပေါ်ကို ရောက်ရှိနိုင်ကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ပြောကြားသူ (Speaker) များအဖြစ် ထားဝယ်တက္ကသိုလ်မှ မကြယ်စင်မိုး (ဒုတိယနှစ် အင်္ဂလိပ်စာ)၊ မောင်ကျော်ဇော (ဒုတိယနှစ် သမိုင်း)၊ မစုမွန်ခိုင် (ပထမနှစ် ရုက္ခဗေဒ) နှင့် မဂန္ဓဝင်ဝင်း (ပထမနှစ် သင်္ချာ) တို့က လူငယ်နှင့် စူးစမ်းလေ့လာမှု၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင်၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်များယုံကြည်မှုရရှိရန် ပြင်ဆင်ထားရမည့်အကြောင်း၊ လူငယ်နှင့်သမိုင်း၊ လူငယ်နှင့် စီးပွားရေးအမြင်၊ လူငယ်နှင့်ပညာရေး စသည့်ခေါင်းစဉ်များဖြင့် စကားဝိုင်းဖွဲ့၍ ဆွေးနွေးပြောကြားကြသည်။

ထို့အပြင် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ရွှေပင်လယ်(ထားဝယ်)**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဇူလိုင် ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၅ ရာခိုင်နှုန်းရှိ

**(၂၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၃၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၇၉,၉၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၈၈၇) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၇၇၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၉၆) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၈၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၁၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၅၈၉) ခု | (၁၄) ဦး |
| စုစုပေါင်း | (၆,၃၇၉) ခု | (၁၆) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂၁-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၇၆၇၄၆၀ | ၈၆၉၇၃၄၃၈ | ၁၀၅၀၇၀၂ |
| ၂။ | အိန္ဒိယ | ၄၃၈၂၅၁၈၅ | ၄၃၁၅၀၄၃၄ | ၅၂၅၈၇၀ |
| ၃။ | ဘရာဇီး | ၃၃၄၅၄၂၉၄ | ၃၁၈၀၆၂၉၁ | ၆၇၆၂၈၀ |
| ၄။ | ပြင်သစ် | ၃၃၂၅၈၄၈၁ | ၃၀၉၃၂၇၅၅ | ၁၅၁၁၀၄ |
| ၅။ | ဂျာမနီ | ၃၀၁၃၁၃၀၃ | ၂၈၁၁၄၃၀၀ | ၁၄၂၉၄၈ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၄၃၇၁၈၉ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၃၈၅၈၁၄ | ၁၈၇၅၆၀၆၈ | ၁၇၀၃၇၀ |
| ၈။ | တောင်ကိုရီးယား | ၁၉၀၀၉၀၈၀ | ၁၈၃၆၄၈၃၄ | ၂၄၇၉၄ |
| ၉။ | ရုရှား | ၁၈၅၁၁၁၂၀ | ၁၇၉၂၄၃၇၂ | ၃၈၂၀၃၉ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၀၉၆၇၇၄ | ၉၉၁၈၄ |

### ၂၁-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၆၄၉၈၆ | ၉၈၃၇၆၄၅ | ၄၃၀၉၁ |
| အင်ဒိုနီးရှား | ၆၁၅၄၄၉၄ | ၅၉၆၀၈၃၃ | ၁၅၆၈၀၀ |
| မလေးရှား | ၄၆၃၅၆၄၈ | ၄၅၁၅၂၈၆ | ၃၅၈၇၈ |
| ထိုင်း | ၄၅၆၈၄၆၁ | ၄၅၁၃၉၄၃ | ၃၁၀၇၆ |
| ဖိလစ်ပိုင် | ၃၇၄၁၉၈၇ | ၃၆၅၉၁၃၉ | ၆၀၆၄၁ |
| စင်ကာပူ | ၁၆၂၆၃၆၀ | ၁၅၁၂၆၈၁ | ၁၄၆၃ |
| မြန်မာ | ၆၁၃၈၈၇ | ၅၉၂၇၇၄ | ၁၉၄၃၄ |
| လာအို | ၂၁၀၆၇၆ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၉၁၇၇၄ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၅၃၂ | ၁၃၃၃၅၂ | ၃၀၅၆ |

မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

# တရုတ်နိုင်ငံ GACC ၌ မှတ်ပုံတင်၍ ပြောင်းကုန်သည်များ ကုန်သွယ်မှုပြုနိုင်



**ရန်ကုန် ဇူလိုင် ၂၁**

ယခုနှစ်ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံ ကုန်ပစ္စည်း ကုန်သွယ်ရေး ပို့ကုန်သွင်းကုန် စုစုပေါင်းတန်ဖိုးသည် တရုတ်ယွမ်ငွေ ၁၉ ဒသမ ၈ ထရီလီယံရှိပြီး ယမန်နှစ် ကာလ တူထက် ၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေး အာဏာ ပိုင်အဖွဲ့ (GACC) ပြောဆိုခွင့်ရပုဂ္ဂိုလ် Mr. Li Kuiwen က ယခုလအတွင်း ပြောကြားသည်။

မြန်မာနိုင်ငံ၌ ပြောင်းဖူးပေါ်ချိန်ရောက်ရှိလာတော့မည်ဖြစ်ပြီး တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများသည် နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြောင်းဖူးတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ တင်ပို့ခြင်းဖြင့် ကုန်စည်ပို့ဆောင်ရေး ကုန်ကျစရိတ်လျှော့ချနိုင်ပြီး မြန်မာနိုင်ငံတောင်သူများ ဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း ၎င်းကပြောကြားထား သည်။

တရုတ်နိုင်ငံသည် Industry chain တည်ငြိမ်ရေးကို မြှင့်တင်လျက်ရှိပြီး အရေးကြီး Industry chain supply chain လုပ်ငန်းများ၏ အာမခံလုပ်ငန်းကို ကောင်းမွန်စွာဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ စားနပ်ရိက္ခာ တင်သွင်းမှု အဆင်ပြေချောမွေ့ရေးနှင့် လာရာ အရင်းအမြစ်အမျိုးစုံလင်မှုကို ဖော်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံမှ ပြောင်းဖူး၊ မာလဝီနိုင်ငံမှ ပဲပိစပ်၊ ဘရာဇီး နိုင်ငံမှ ပြောင်းဖူးနှင့်မြေပဲ စသည်တို့ကို တရုတ်နိုင်ငံသို့တင်သွင်းရန် အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးပြီးစီးခဲ့၍ RCEP အဖွဲ့ဝင်နိုင်ငံများ၏ အရည်အသွေးမြင့် စိုက်ပျိုးရေးထွက်ကုန်များ တရုတ်နိုင်ငံသို့ တင်ပို့မှုကို ဖော်ဆောင်နိုင်ခဲ့သည် ဟု Mr. Li Kuiwen က ပြောကြားကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။ **သီရိ**

# လွယ်ဂျယ်နှင့် ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ နှမ်းအမျိုးမျိုးနှင့် မြေပဲများ အများဆုံးတင်ပို့ခဲ့

**နေပြည်တော် ဇူလိုင် ၂၁**

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ဇူလိုင် ၉ ရက်မှ ၁၅ ရက်များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ နှမ်းနက်၊ ဆန်ကွဲ၊ နှမ်း၊ ဆန်၊ မြေထောက်ပဲ၊ ထောပတ်ပဲနှင့် ပဲယင်းများ တင်ပို့ခဲ့ကြောင်း မနောမြေကုန်သွယ်မှုဗဟိုဌာနမှ သိရှိရသည်။

လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၁၆၅၂၇၇၀ ဒသမ ၂၈ ဖြစ်ပြီး ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၈၅၁၃၅ ဒသမ ၁၄ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၇၃၇၉၀၅ ဒသမ ၄၂ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ကြောင်း သိရသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ သုတ်ဆေး/ ပေါလစ်များ၊ ဓာတ်မြေဩဇာများ၊ စက်နှင့် စက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများကို အများဆုံးတင်သွင်းထားသည်။

ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၆၅၀၂၀ တင်သွင်းမှုရှိခဲ့ပြီး လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၄၀၉၀၈၇ ဒသမ ၅ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၄၇၄၁၀၇ ဒသမ ၅ တင်သွင်းမှုရှိသည်။ **ကိုရိုး**



ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တင်ပို့သည့် ယာဉ်တစ်စီး။

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

**ရန်ကုန် ဇူလိုင် ၂၁**

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ ငရုတ်ရှည်နှင့် ကြက်သွန်ဖြူကြူကုတ် ဈေးနှုန်းများ မြင့်တက်လာရာ ငရုတ်ဈေးနှုန်း တစ်ပိဿာ ကျပ်တစ်သောင်းအထိ ဈေးမြင့်လာသည်။ တစ်လအတွင်း ဈေးနှုန်းတည်ငြိမ်သည့် ကြက်သွန်နီမှာ တစ်ပိဿာ ကျပ် ၂၀၀ ဝန်းကျင် ဈေးတက်လာခဲ့သည်။ ရွှေဘိုပေါ်ဆန်း တစ်အိတ် ငါးထောင်ဝန်းကျင်နှုန်း မြင့်တက်လာခဲ့ကာ မတ်ပဲမှာမူ တစ်တန် ကျပ် ၁၆ သိန်းအထက်သို့ ဇူလိုင် ၁၆ ရက်က ပြန်လည်မြင့်တက်လာသည်။

**မတ်ပဲနှင့် ပဲစင်းငုံနီ**

ဇူလိုင်၂၀ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ(FAQ/RC) တစ်တန် ကျပ် ၁၆၇၀၀၀၀၊ SQ/RC တစ်တန် ကျပ် ၁၉၀၅၀၀၀၊ ပဲစင်းငုံနီ (Red/RC) တစ်တန် ကျပ် ၁၄၉၀၀၀ အသီးသီးရှိနေသည်။ ဇူလိုင် ၁၈ ရက်တွင် မတ်ပဲ FAQ/RC တစ်တန် ကျပ် ၁၅၈၂၅၀၀ ရှိရာမှ ယင်းရက်အလွန် ဖွင့်ရက်တွင် မတ်ပဲတစ်တန် ကျပ်တစ်သိန်းဝန်းကျင် တက်လာခဲ့သည်။

**ဆန်**

ရွှေဘိုပေါ်ဆန်း ဈေးမြင့်တက်လာရာ ယခုသီတင်းပတ်တွင် ထိပ်စတစ်အိတ် လက်ကား ကျပ် ၇၀၀၀၀ နှုန်း ရှိလာသဖြင့် တစ်အိတ် ကျပ် ၅၀၀၀ မြင့်တက်လာသည်။ ပုသိမ်မြောင်းမြ ပေါ်ဆန်း လက်ကားဈေး တစ်အိတ် ကျပ် ၅၄၅၀၀၊ ဘိုကလေးပေါ်ဆန်း ကျပ် ၄၉၀၀၀၊ ပေါ်ကျွဲ ကျပ် ၄၀၀၀၀၊ ဆန်ကြမ်းတစ်အိတ် ကျပ် ၃၇၀၀၀ နှင့် သီးထပ်တစ်အိတ် ကျပ် ၃၂၀၀၀ အသီးသီးရှိကြောင်း သိရသည်။

**ကြက်သွန်နီ/ ကြက်သွန်ဖြူ**

ဇူလိုင် ၂၀ ရက် ရန်ကုန်ဈေးကွက်၌ ကြက်သွန်နီ (ဆိတ်ဖြူ) တစ်ပိဿာ ကျပ် ၁၃၀၀ မှ ကျပ် ၁၈၅၀၊ ကြက်သွန်နီ (မြင်းခြံ) တစ်ပိဿာ ကျပ် ၁၄၀၀ မှ ကျပ် ၂၀၀၀ နှုန်း အသီးသီးရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။ ရှမ်းကြက်သွန်ဖြူ(အောင်ပန်းနယ်ထွက်)လက်ကားတစ်ပိဿာ ကျပ် ၂၀၀၀-၂၆၀၀-၃၂၀၀-၃၇၀၀၊ ကြူကုတ် တစ်ပိဿာ ကျပ် ၃၁၀၀ နှုန်းဖြစ်သည်။

**ငရုတ်/ အာလူး**

ငရုတ်ရှည်နှင့် မိုးထောင်ငရုတ်များမှာ ဇူလိုင် ၂၀ ရက်က တစ်ပိဿာ ကျပ်တစ်သောင်းနှုန်းရှိပြီး၊ သဲတောမိုးထောင် အသစ် (ရိုးရိုး) တစ်ပိဿာ ကျပ် ၉၈၀၀၊ နယ်သာလန်မျိုး သဲတောနယ်ထွက် ငရုတ်ရှည်အသစ် ကျပ် ၉၅၀၀ စသည်ဖြင့် ဈေးရှိကာ ဆင်ဖြူကျွန်းနှင့် မြစ်ဝငရုတ်ပွတို့မှာ ဈေးပြောင်းလဲခြင်းမရှိဟု သိရသည်။ ရှမ်းအာလူး(အောင်ပန်း) အသစ်ရွှံ့ကပ်(ဒုံး) ကျပ် ၁၃၅၀ နှုန်း၊ မြေနီအမာသီး အောင်ပန်း အာလူးတစ်ပိဿာ ကျပ် ၁၇၀၀၊ တရုတ်အာလူး ကျပ် ၁၆၅၀ နှုန်း ဇူလိုင် ၂၀ ရက်တွင် ရှိခဲ့သည်။

**စားသုံးဆီ**

ပြည်ပဈေးနှင့် ပြည်တွင်းလက်ကားရည်ညွှန်း စားအုန်းဆီဈေးနှုန်းများ သိသာစွာ ကျဆင်းလာသော်လည်း ရန်ကုန်ပြင်ပဆီဈေးကွက်အတွင်း လက်ကားအလှယ်ပေပါ တစ်ပိဿာ ကျပ် ၈၀၀၀ ဝန်းကျင် ရှိနေသေးကြောင်း သိရသည်။ နေကြာပီပါ ဈေးနှုန်း လက်ကား တစ်ပိဿာ ကျပ် ၇၈၀၀၊ နှမ်းဆီ တစ်ပိဿာ ကျပ် ၈၀၀၀၊ မြေပဲဆီမှာမူ လက်လီ တစ်ပိဿာ ကျပ် ၉၀၀၀ မှ ၁၁၀၀၀ အတွင်း ဈေးနှုန်းဖြင့် ရောင်းချနေကြသည်။ **အောင်ခင်နိုင်**

# ရင်းနှီးမြှုပ်နှံသူအချင်းချင်း ချိတ်ဆက်မည့်ပရိုဂရမ်၌ ပါဝင်နိုင်

**ရန်ကုန် ဇူလိုင် ၂၁**

အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအနက် တစ်ခုဖြစ်သည့် Private Investor Relation Program ကို ၂၀၂၂ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Private Investor Relation Program တွင် မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ တစ်နိုင်ငံလျှင် startups လုပ်ငန်း အနည်းဆုံး ၁၀ ခုစီ ပါဝင်ခွင့် ရရှိမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသော ကိုရီးယား Investor ကုမ္ပဏီနှင့် Startups Investor Relation (IR) တည်ဆောက်၍ ချိတ်ဆက်တွေ့ဆုံနိုင်စေရန် ပြုလုပ်ပေးသည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

**အကျိုးကျေးဇူးများ**

Startups Investor Relationship အစီအစဉ်တွင် ပါဝင်ခြင်းဖြင့် မြန်မာ startups များသည် အာဆီယံနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံလိုသော ကိုရီးယားရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံနိုင်ခွင့်ရရှိသောကြောင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများရရှိခြင်း၊ ကိုရီးယားဈေးကွက်များတွင် ချိတ်ဆက်နိုင်သော အချိတ်အဆက်များ ရရှိခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် ပါဝင်လိုသည့် startups များအနေဖြင့် လုပ်ငန်းသက်တမ်း ခုနစ်နှစ် ရှိရမည်ဖြစ်ပြီး Introductory Materials များနှင့်အတူ မူဝါဒနှင့် ပြည်ပရေးရာဌာန smepolicydepartment21@ gmail.com သို့ ဇူလိုင် ၂၅ ရက်အရောက် ပြန်လည်ပေးပို့နိုင်ကြောင်း သိရသည်။ **ကိုရိုး**

# ကရင်ပြည်နယ် ပြောင်းလုပ်ငန်းအသင်း ဖွဲ့စည်း၊ ကယားပြည်နယ်၌လည်း တိုးချဲ့ဖွဲ့စည်းမည်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း(ကရင်ပြည်နယ်) ကို ဇူလိုင် ၁၃ ရက်က ကရင်ပြည်နယ် ဘားအံမြို့ Hotel Perfect ၌ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းကို ပြည်နယ်နှင့်တိုင်းအလိုက် အသင်းခွဲများ ဖွင့်လှစ်ကာ ပြောင်းတင်ပို့ရောင်းချခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိသည်ကို မြင်တွေ့ရပြီး ယခုလအတွင်း ကယားပြည်နယ်၌လည်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းအား ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုရိုး**

# နှစ်ဝက်အတွင်း ယူနန်နှင့် မဲခေါင်ဒေသ လျှပ်စစ်ကုန်သွယ်မှု ယမန်နှစ်ထက် ၅၉ ရာခိုင်နှုန်းမြင့်တက်

**ပေကျင်း ဇူလိုင် ၂၁**

ပြီးခဲ့သည့် ပထမနှစ်ဝက်အတွင်း ယူနန်နှင့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ လျှပ်စစ်ကုန်သွယ်မှုပမာဏသည် ယမန်နှစ်ကာလတူထက် ၅၉ ဒသမ ၂၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရုတ်သံရုံးမှ သိရသည်။

ဇန်နဝါရီလမှ ဇွန်လအထိ ယူနန်ပြည်နယ်နှင့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ စုစုပေါင်း လျှပ်စစ်တင်သွင်းတင်ပို့သည့် ကုန်သွယ်မှုပမာဏသည် ၁ ဒသမ ၄၃ ဘီလီယံ ကီလိုဝပ်နာရီ (kWh)ရှိပြီး ယမန်နှစ်ကာလတူထက် ၅၉ ဒသမ ၂၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ၎င်းတို့အနက် တင်ပို့သည့် လျှပ်စစ်ပမာဏပေါင်း ၇၀၅ သန်း kWh ရှိပြီး ယမန်နှစ်ကာလတူထက် တစ်ဆတိုးတက်လာခဲ့သည်။ တင်သွင်းသည့် လျှပ်စစ်ပမာဏပေါင်း ၇၂၆ သန်း kWh ရှိကာ ယမန်နှစ်ကာလတူထက် ၃၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

China Southern Power Grid Co., Ltd သည် ယူနန်ပြည်နယ်နှင့် ဗီယက်နမ်၊ လာအို၊ မြန်မာနိုင်ငံ လျှပ်စစ်ကွန်ရက်တို့ အစိတ်အပိုင်းလိုက် အပြန်အလှန် ချိတ်ဆက်သော နိုင်ငံဖြတ်ကျော် လျှပ်စစ်ပို့လွှတ်သည့် လမ်းကြောင်းမှတစ်ဆင့် အနီးတစ်ဝိုက်နိုင်ငံများ၏ လျှပ်စစ်တင်သွင်းတင်ပို့မှု လိုအပ်ချက်ဖြည့်ဆည်းပေးကာ ဒေသတွင်း စီးပွားရေးပူးပေါင်းဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူနေဘဝတွင် လျှပ်စစ်အသုံးပြုမှုကို ထောက်ပံ့ပေး၍ နိုင်ငံဖြတ်ကျော် လျှပ်စစ်ကုန်သွယ်ရေး တည်ငြိမ်စွာ တိုးတက်လာမှု ဖော်ဆောင်ပြီး အပြန်အလှန် ချိတ်ဆက်မှုအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိသည်ဟု တရုတ်သံရုံးမှ သိရသည်။

စာရင်းပြုစုချက်များအရ China Southern Power Grid Co., Ltd သည် ၂၀၁၄ ခုနှစ်တွင် မဲခေါင်မြစ်ဝှမ်းဒေသ လျှပ်စစ်ကွန်ရက်များနှင့် ကုန်သွယ်ရေး စတင်လာကတည်းက ဇွန် ၃၀ ရက်အထိ နိုင်ငံဖြတ်ကျော် လျှပ်စစ်ကုန်သွယ်မှု ပမာဏပေါင်း ၆၅ ဒသမ ၅ ဘီလီယံ kWh ဖော်ဆောင်ခဲ့ပြီးဖြစ်သည်။ ယင်းတို့အနက် သန့်ရှင်းစွမ်းအင်ပါဝင်မှုသည် ၉၀ ရာခိုင်နှုန်းထက်ကျော်လွန်ပြီး သန့်ရှင်းစွမ်းအင် ဒေသဖြတ်ကျော် ကောင်းမွန်စွာ ခွဲဝေပေးမှုအား မြှင့်တင်ခဲ့ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ထားသည်။

# ပိုးသတ်ဆေးပါဝင်မှုနှင့် ပတ်သက်၍ စိုးရိမ်ထိတ်လန့်မှုကြောင့် ရေခဲမုန့် လေးမျိုးအား ဟောင်ကောင်ဈေးကွက်မှ ဖယ်ရှား

**ဟောင်ကောင် ဇူလိုင် ၂၁**

ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်သောကြောင့် ဥရောပသမဂ္ဂမှ တားမြစ်ထားသော ethylene oxide ပိုးသတ်ဆေးမှာ Haagen–Dazs ရေခဲမုန့်အမျိုးအစား လေးမျိုးတွင် ပါဝင်နိုင်သောကြောင့် ဟောင်ကောင်ဒေသအစားအစာဘေးကင်းလုံခြုံရေးစင်တာက စားသုံးသူများ မစားသုံးရန် တိုက်တွန်းထားသဖြင့် အဆိုပါရေခဲမုန့် နှစ်မျိုးအား စူပါမားကတ်မှ ဖယ်ရှားခဲ့ကြောင်း ၂၀၂၂ ခုနှစ် ဇူလိုင် ၁၀ ရက်ထုတ် The Standard သတင်းစာ၌ “Four ice–cream products pulled amid pesticide fears” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

အဆိုပါ သတင်းဆောင်းပါး၌ ၃-၇-၂၀၂၂ ရက်နှင့် ၁၇-၇-၂၀၂၃ ရက်မတိုင်မီ စားသုံးရန် သင့်လျော်သည့် Haagen–Dazs Vanilla Ice Cream Pint (၄၇၃ မီလီလီတာ)၊ Haagen–Dazs Vanilla Ice Cream Bulk (၉ ဒသမ ၄၆ လီတာ)၊ Haagen–Dazs Vanilla Ice Cream Mini cup (၁၀၀ မီလီလီတာ)၊ Haagen–Dazs Vanilla Ice Cream Mini cup (၇၅ မီလီလီတာ ) တို့အား ရောင်းချနေမှုမှ ရပ်တန့်ခဲ့ကြောင်း၊ အဆိုပါ ရေခဲမုန့်များမှာ ပြင်သစ်နိုင်ငံ၌ ပြုလုပ်ခြင်းဖြစ်ပြီး General Mills Hong Kong မှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ရေခဲမုန့် နှစ်မျိုးကို စားသုံးသူများ ဝယ်ယူပြီးလျှင် မစားသုံးရန် အစားအစာ ဘေးကင်းလုံခြုံရေးစင်တာက ပြောကြားထားကြောင်း၊ အဆိုပါ ရေခဲမုန့်များ၌ ဥရောပသမဂ္ဂမှ အသိအမှတ်ပြုထားခြင်း မရှိသော ethylene oxide ပါဝင်သည်ကို ဥရောပသမဂ္ဂ၏ Rapid Alert System for Food and Feed (RASFF) မှ သတိပေးချက်အား အစားအစာ ဘေးကင်းလုံခြုံရေး စင်တာအနေဖြင့် ရရှိခဲ့ကြောင်း၊ RASFF မှ ရရှိသော အချက်အလက်များအရ ethylene oxide ပါဝင်သော ရေခဲမုန့်များ ဟောင်ကောင်ဒေသသို့ တင်သွင်းခဲ့သည်ကို တွေ့ရှိခဲ့ကြောင်း၊ အစားအစာ ဘေးကင်းလုံခြုံရေးစင်တာက အဆိုပါ ကုန်ပစ္စည်းအုပ်စုများအား ပြန်လည်စစ်ဆေးရန်နှင့် သင့်လျော်သည့် ဆောင်ရွက်မှုများ ပြုလုပ်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ ကုန်သည်များအနေဖြင့်လည်း အဆိုပါ ပစ္စည်းများရှိပါက ရောင်းချမှုအား ရပ်တန့်ရန်ပြောကြားခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။




# ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူအများစု လာအိုဈေးကွက်ကို နှစ်ခြိုက်လာ

လာအိုနိုင်ငံသည် ပို့ကုန်တင်ပို့သော ပြည်ပနိုင်ငံများထံမှ အရည်အသွေး ထောက်ခံချက် (Quality Certification) အများစုကို လက်ခံအသိအမှတ်ပြုခြင်းကြောင့် ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများစွာက လာအိုဈေးကွက်အား ဦးတည်ဈေးကွက်တစ်ရပ်အဖြစ် နှစ်ခြိုက်မှုရရှိလာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်-လာအို ကုန်သွယ်ရေး သဘောတူညီချက်၊ နယ်စပ်ကုန်သွယ်ရေး သဘောတူညီချက်နှင့် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက် (ASEAN Trade in Goods Agreement–ATIGA) တို့ အောက်မှ လာအိုနိုင်ငံသို့ တင်ပို့သော ဗီယက်နမ် ပို့ကုန်များသည် အပြန်အလှန်အားဖြင့် အကောက်ခွန်ကင်းလွတ်ခွင့် (Zero Tariffs) ကိုလည်း ရရှိခံစားနိုင်သည်။

လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကီလိုမီတာ ၂၃၀၀ ကျော် နယ်နိမိတ်ထိစပ်လျက်ရှိကြောင်း၊ ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၂၁ ခုနှစ်တွင် လာအို-ဗီယက်နမ်နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ၂၀၂၀ ပြည့်ကထက် ၃၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လာအိုနိုင်ငံသို့ ပို့ကုန်တင်ပို့မှုသည် ၅၉၄ ဒသမ ၇ သန်းရှိခဲ့ပြီး နှစ်အလိုက် နှိုင်းယှဉ်လျှင် လေးရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ လာအိုမှ ဗီယက်နမ်သို့ သွင်းကုန်တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၇၇၈ ဒသမ ၂ သန်းဖြင့် ၆၉ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။



လာအိုနိုင်ငံ ဈေးကွက်အတွင်း တွေ့ရသော ဗီယက်နမ်နိုင်ငံထွက် ဟင်းသီးဟင်းရွက်များ။

၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် လာအိုနိုင်ငံထံမှ ဗီယက်နမ်နိုင်ငံသို့ သွင်းကုန်တင်သွင်းမှုသည် နှစ်အလိုက် နှိုင်းယှဉ်ချက်အရ အမေရိကန်ဒေါ်လာ ၅၁၄ ဒသမ ၆ သန်းဖြင့် ၄၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အဓိက တင်သွင်းခဲ့သည့် ကုန်စည်အမယ်များတွင် ရော်ဘာ၊ သစ်နှင့် သစ်ထုတ်ကုန်များ၊ ဓာတ်မြေဩဇာ၊ ဟင်းသီးဟင်းရွက်များ၊ သတ္တုရိုင်းနှင့် တွင်းထွက်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။ အလားတူကာလတွင် ဗီယက်နမ်မှ လာအိုသို့ ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃၀၉ ဒသမ ၄ သန်းရှိရာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ခြောက်ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လာအိုနိုင်ငံသို့ သံနှင့်သံမဏိပစ္စည်းများ၊ ယာဉ်နှင့် ယာဉ်အစိတ်အပိုင်းများ၊ စက်နှင့် စက်ပစ္စည်း အစိတ်အပိုင်းများ၊ ဓာတ်မြေဩဇာ၊ ပလတ်စတစ်နှင့် ဟင်းသီးဟင်းရွက်များ တင်ပို့ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် လာအိုနိုင်ငံရှိ စီမံကိန်း (၄၁၇) တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံကို ရင်းနှီးမြှုပ်နှံထားပြီး တတိယအများဆုံး ရင်းနှီးမြှုပ်နှံသူအဖြစ် ရပ်တည်နေကြောင်း၊ လာအိုနိုင်ငံအနေဖြင့် ရေရှည်တည်တံ့၍ သန့်ရှင်းမှုရှိသည့် လယ်ယာစိုက်ပျိုးရေး (Clean Agriculture)၊ ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းကဏ္ဍ (Processing and Manufacturing) တို့ အပါအဝင် နယ်ပယ်များစွာ၌ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအား ဦးစားပေးဆောင်ရွက်ထားကြောင်း၊ လာအိုနှင့် ဗီယက်နမ်နှစ်နိုင်ငံတို့သည် လျှပ်စစ်နှင့် ဓာတ်သတ္တုတူးဖော်ခြင်းကဏ္ဍတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်နိုင်မည့် အလားအလာ များစွာရှိနေသည်ဟု ယုံကြည်ထားကြကြောင်း၊ ထို့ပြင် နှစ်နိုင်ငံကုန်သွယ်မှုကို ယခုနှစ်တွင် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်း တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

# ဗီယက်နမ်ဒူးရင်းသီးကို တရားဝင်လမ်းကြောင်းများမှတင်သွင်းရန် တရုတ်ခွင့်ပြု

ဗီယက်နမ်ဒူးရင်းသီးတင်ပို့မှုကို ခွင့်ပြုပေးပြီးနောက် ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင်တင်သွင်းခွင့်ရရှိထားပြီးဖြစ်သည့် သီးနှံထွက်ကုန် ၁၁ မျိုးရှိလာပြီဖြစ်သည်။

ဗီယက်နမ်ဒူးရင်းသီးသည် တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ခွင့်ရရှိခဲ့သည့် ၁၁ ခုမြောက် ဗီယက်နမ်နိုင်ငံ၏ သီးနှံထွက်ကုန်တစ်ခုဖြစ်လာပြီဟု ဗီယက်နမ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Le Minh Hoan က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုအတွက် ပို့ကုန်ပစ္စည်းဆိုင်ရာ တရားဝင်လိုအပ်ချက်(Phytosanitary Requirement)ဖြစ်သည့် အပင်နှင့် တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ ပိုးမွှားကင်းစင်ရေးကိစ္စရပ်များအတွက် သဘောတူညီချက်သည် သုံးနှစ်အတွင်း စတင်အကျိုးသက်ရောက်စေရမည်ဖြစ်သည်။

အစောပိုင်းကာလများတွင် ဗီယက်နမ်နိုင်ငံမှထွက်ရှိသော နဂါးမောက်သီး၊ ဖရဲသီး၊ လိုင်ချီးသီး၊ တရုတ်လိုင်ချီးသီး၊ ငှက်ပျောသီး၊ သရက်သီး၊ ပိန္နဲသီး၊ တောကြက်မောက်သီး၊ မင်းကွတ်သီးနှင့် စူကာသီး တို့ကိုလည်း တရုတ်နိုင်ငံဈေးကွက်သို့ တရားဝင်လမ်းကြောင်းများမှ တင်သွင်းရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံခန့်ရှိပြီး ၎င်းတို့အနက် ၆၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံမှ အဓိကတင်သွင်းခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ စာရင်းများအရ ဗီယက်နမ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွင်း ဒူးရင်းသီးတင်ပို့မှုသည် တန် ၆၀၀၀၀၀ ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

※ *ကျောဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ –

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသ အချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# မြဝတီအသင်း သုံးပွဲဆက် အနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) နောက်ဆုံးနေ့အဖြစ် မြဝတီအသင်းနှင့် ရခိုင်အသင်းတို့ ဇူလိုင် ၂၁ ရက်က ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရခိုင် ယူနိုက်တက်အသင်း အတွက် ဖိအားများစေသည့် နောက်ထပ်ရှုံးပွဲဖြစ်ခဲ့ပြီး ၈၉ မိနစ်အထိ တစ်ဂိုးအသာဖြင့် အနိုင်ရနေသော်လည်း လက်ကျန်မိနစ်များတွင် နှစ်ဂိုးပေးလိုက်ရသဖြင့် အရှုံးနှင့် ရင်ဆိုင်ရကာ လေးပွဲစလုံး အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ မြဝတီအသင်းသည် ရာသီအစ ပထမဆုံးပွဲတွင် ရန်ကုန်အသင်းကို အရေးနိမ့်ခဲ့သော်လည်း အားကာသိပွံ၊ GFA နှင့် ရခိုင်ယူနိုက်တက်တို့ကို ဆက်တိုက်အနိုင်ယူကာ သုံးပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရခိုင်အသင်းက ပွဲအစတွင် သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲအစ နှစ်မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ဇေယျာနိုင်က ပယ်နယ်တီဧရိယာစည်းထိပ်မှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းအနေဖြင့် စောစီးစွာ ဂိုးရခဲ့သော်လည်း ဂိုးထပ်မံရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသလို နောက်ပိုင်းတွင် ဂိုးထပ်မံရရှိရေးထက် ဂိုးပြန်မပေးရရေးသာ ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ချေပဂိုးရရန် ကြိုးပမ်းနေသည့် မြဝတီအသင်းသည် ပွဲပြီးခါနီးတွင် တိုက်စစ်ပိုမြှင့်လာရာ မိနစ် ၉၀ တွင် ဂိုးပြန်ရခဲ့သည်။ ယင်းချေပဂိုးကို ပြစ်ဒဏ်ဘောမှ တစ်ဆင့်သက်ဝေမိုးက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ချေပ ဂိုးရသွားသဖြင့် မြဝတီအသင်း စိတ်ဓာတ်တက်သွားပြီး ၉၄ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ကောင်းစည်သူက အနိုင်ဂိုး သွင်းယူခဲ့သည်။



မြဝတီနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ် (၄) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက လေးပွဲနိုင် ၁၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး ရှောဝတီ၊ မြဝတီနှင့် ရန်ကုန်အသင်းတို့က သုံးပွဲနိုင်၊ တစ်ပွဲရှုံး၊ ရမှတ် ကိုးမှတ်စီ၊ အားကာသိပွံအသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ခြောက်မှတ်စီ၊ ရတနာပုံနှင့် ဟံသာဝတီအသင်းတို့က တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ လေးမှတ်စီ၊ GFA နှင့် မဟာယူနိုက်တက်အသင်းတို့က တစ်ပွဲနိုင်၊ သုံးပွဲရှုံး၊ သုံးမှတ်စီရထားကာ ရခိုင်အသင်းက လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ရဲရင့်လွင်**
**ဓာတ်ပုံ– MNL**

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာ့ဘောလုံး အားကစား လောကအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ် ဘောလုံး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း အမှတ်(၁)နှင့် (၃) ၌ ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း အမှတ်(၁)၌ ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း အမှတ် (၃) ၌ ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဇူလိုင် ၂၂ ရက်တွင် ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်းအမှတ်(၁)၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း အမှတ်(၃)၌ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

● *ကျောဖုံးမှ*

ဒေါ်စိန်စီစီလှိုင်၊ ဒေါ်သူဇာထွေး၊ **ဂိုးနည်းပြ**– ဦးဇော်လင်းအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**– မေဦးခင်၊ လူဆီးယာ၊ ဖြိုးဗေ၊ **နောက်တန်း**– ဖြူဖြူဝင်း၊ မေသက်မွန်မြင့်၊ မိုးပြည့်ပြည့်မောင်၊ ကြယ်စင်၊ နွယ်မိုး၊ ဖြူဖွေး၊ နန်းရွှေသင်း၊ ခင်ဌေးကြိုင်၊ ရွှန်းလဲ့ခိုင်၊ **အလယ်တန်း**– ဂျူးထက်ဝေ၊ ဟေမာန်စိုး၊ ခင်စန်းလွင်၊ ဒေစီအောင်၊ နှင်းပွင့်အေး၊ ဝေဖူးအိမ်၊ ဝေဟင်ဖြိုး၊ ထက်ထက်ဝင်း၊ အေးထက်ထက်ပိုင်၊ နန်းချိုမွှေး၊ **ရှေ့တန်း**– ယဉ်လွန်းအိမ်၊ သိင်္ဂီထွေး၊ ဖျားမြာမို့မို့ အေး၊ ဇင်မိုးပြည့်၊ ဒီဇင်ဘာနှင်း၊ ဆုမြတ်နိုးတို့ လိုက်ပါသွားသည်။

အာဆီယံ ယူ–၁၈ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က)တွင် ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ အုပ်စု(ခ)တွင် ဩစတြေးလျ၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၂၅ ရက်တွင် မလေးရှားအသင်း၊ ဇူလိုင် ၂၇ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇူလိုင် ၂၉ ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

❍ *ကျောဖုံးမှ*

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးကိုကိုဌေး နှင့် တာဝန်ရှိသူများ တတိယဆုရ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအုပ်ချုပ်မှု၊ နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားများ တက်ရောက်သည်။

ဂုဏ်ပြုပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦးက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး အဖွဲ့ချုပ်အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကိုကိုဌေးက မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တတိယဆုရရှိခဲ့သည့်အပေါ် ဝမ်းသာပီတိစကားနှင့် အားပေးစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အမျိုးသမီးဘောလုံးကော်မတီက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၅၀၀ ကို အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကိုကိုဌေးတို့က ကိုယ်စားပေးအပ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦးနှင့် ကစားသမားများက လက်ခံရယူကြသည်။

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ တတိယဆုရ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**–ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**– ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြများ**– ဒေါ်စန်းစန်းမော်၊ ဒေါ်အေးနန္ဒာလှိုင်၊ ဒေါ်နုနုခိုင်ဝင်း၊ **ဂိုးနည်းပြ**– ဦးယဉ်မင်းအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**– မေဇင်နွယ်၊ ဇူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ **နောက်တန်း**– ဖြူဖြူဝင်း၊ ချစ်ချစ်၊ ခင်သန်းဝေ၊ နန့်ဇူးဇူးထက်၊ အေးအေးမိုး၊ မေဖူးကို၊ ခင်မျိုးဝင်း၊ မိုးမမစိုး၊ ခိုင်သဇင်၊ ဇွန်ယုယဦး၊ **အလယ်တန်း**–ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ပုံ့ပုံ့ပြည့်မောင်၊ ဝင်းဝင်း၊ နှင်းပွင့်အေး၊ လင်းမြင့်မိုရ်၊ ဝေဖူးအိမ်၊ နော်ထက်ထက်ဝေ၊ ယဉ်လွန်းအိမ်၊ ခင်မိုးဝေ၊ **ရှေ့တန်း**– ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်၊ မြတ်နိုးခင်နှင့် စန်းသော်သော်တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် တီမော၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ကို အနိုင်ရကာ ဗီယက်နမ်အသင်းကို အရေးနိမ့်ပြီး အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းကို အရေးနိမ့်သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သော်လည်း တတိယနေရာလုပွဲတွင် နာမည်ကြီး ဗီယက်နမ်အသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ယူကာ တတိယဆုရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အမျိုးသမီးအသင်းကို ဆယ်စုနှစ်တစ်ခုဝန်းကျင်ကြာ အနိုင်မရခဲ့မှုကို အဆုံးသတ်ကာ နိုင်ပွဲရယူပြီး တတိယဆုရခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတစ်လျှောက် ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယဆု သုံးကြိမ်၊ တတိယဆု သုံးကြိမ် ရရှိထားသည်။

**သတင်း–ကိုညီလေး၊ဓာတ်ပုံ–MFF**

# အစားအစာပြဿနာ

ဆရာမဲဇာ

ကျွန်ုပ်တို့ လူသားများစားနေသည့် အစာသည် "ဆေး"မဟုတ်ပါ။ ထို့အတူ ဆေးသည်လည်း "အစာ"မဟုတ်ပါ။ အစာထဲတွင် ဆေးများ ပါလာလျှင် ဒုက္ခတွေ့ပါမည်။ ဆေးပါဝင်မှုများလေလေ ဒုက္ခများလေလေ ဖြစ်ပါသည်။ အသောက်အစားအမျိုးမျိုးကို "ဆေးဖြစ်ဝါးဖြစ်" ခေါင်းစဉ်တပ်၍ စားသောက်နေလျှင် အဆုံးတစ်နေ့တွင် ဒုက္ခဖိစီးခံရကာ ရက်တိုတိုနှင့် အိုနာသေဘေး ဆိုက်ရောက်နိုင်လေသည်။

**သုတေသီများ ထောက်ပြ**

အစာထဲတွင် သဘာဝအတိုင်းပါဝင်လာသော ဓာတ်ပစ္စည်းအချို့တွင် "ဆေးဖက်ဝင်" သည်မှန်သော်လည်း ဆေးမဟုတ်ပါ။ သဘာဝ အာဟာရအဖြစ် လူတို့၏ ကျန်းမာမှုကို မြှင့်တင်ပေးခြင်းသာဖြစ်ပါသည်။ ကျန်းမာနေသော လူသားအတွက် အားဆေးမလိုပါ။ ဤစကားသံမှာ အမေရိကန်နိုင်ငံ၌ တွင်တွင်ကျယ်ကျယ် ပြောလာသော စကားပင်ဖြစ်ပါသည်။ အားဆေးဟုခေါ်သော လူလုပ်ဓာတ်ပစ္စည်းများကို ဝယ်ယူစားသုံးရင်း ဒေါ်လာဘီလီယံပေါင်းများစွာ ဖြုန်းတီးနေကြကြောင်း သုတေသီများက ထောက်ပြနေကြပေပြီ။

ငွေပေါသော အနောက်နိုင်ငံသားတို့၏ သုံးဖြုန်းမှုကို မပြောလိုသော်လည်း ငွေရှားသော မြန်မာတို့အတွက် များစွာချင့်ချိန်ရန်လိုအပ်သည့် အသုံးစရိတ်ဟု ဆိုချင်ပါသည်။ ယမန်နှစ်က ကိုဗစ်တတိယလှိုင်းဝင်လာသောအခါ ကျွန်တော်တို့ အတော်ချောက်ချားရပါသည်။ မူရင်းကိုရိုနာဗိုင်းရပ်ထက် ပို၍သေဆုံးမှုများစေသော "ဒယ်လ်တာ" မျိုးကွဲကြောင့် အပြင်းအထန်ဖျားနာ၍ သေကြရပါသည်။ အောက်ဆီဂျင်လို၍သေသူရှိသလို အောက်ဆီဂျင်ရှူနေရင်းက သေသွားရသူများလည်း များလှ၏။

**အောက်ဆီဂျင်များ အချိန်တိုအတွင်း စီစဉ်လာ**

လိုနေသော အောက်ဆီဂျင်များကို အချိန်တိုအတွင်း စီစဉ်လာနိုင်ကြသော်လည်း အမှန်တကယ်မလိုအပ်သော ပစ္စည်းများဖြစ်သည့် ပဲနို့မှုန့်၊ ငှက်သိုက်၊ ကြက်ပေါင်းရည် စသည်များမှာ ဈေးခေါင်ခိုက်၍ သွားတော့၏။ ကြော်ငြာသမားများကလည်း ထိုအစာများကိုသာ ဆေးဖြစ်ဝါးဖြစ် မစားရလျှင် သေဖွယ်ရာရှိသယောင်ယောင် သတင်းလွှင့်ကြ၏။ "ကုရာနတ္ထိ ဆေးမရှိ" သော ဗိုင်းရပ်စ်ပါဟု ပညာပေးလျက်က အရာမရောက်ခဲ့ချေ။

ဈေးကွက်ထဲတွင် အစာလည်းဆေးဟု သဘောထားကာ ရောင်းချနေသောပစ္စည်းများက ပေးလာသောဒုက္ခများကို သိပ္ပံနည်းကျဖော်ထုတ်ပြရသည့် အလုပ်သည်လည်း လက်ဝင်လှ၏။ အစာဟုခေါ်သော ဆေးများကိုဖြစ်စေ၊ ဆေးဟုခေါ်သော အစာများကိုဖြစ်စေ စစ်ဆေးရသည်မှာ အရင်းအနှီးကြီး၏။ နည်းပညာတိုးတက်ခေတ်မီရန်လိုသည်။ အစားအစာများတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် ရှေ့တန်းက ကာကွယ်ပေးနေသော အစာစစ်ဆေးသူများသည် ကျွမ်းကျင်မှု၊ စေတနာအပြင် အဂတိလိုက်စားမှုကင်းရန်တို့ လိုလေသည်။

"အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ" (National Food safety policy) ကို အကောင်အထည်ဖော်ဆောင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများအားလုံး၊ သက်ဆိုင်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန်၊ မိမိတို့ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာနှင့် လုပ်ငန်းများအောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက တိုက်တွန်းမှာကြားခဲ့ကြောင်း ၂၈-၄-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည်ကို သတိပြုမိပါသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) သည် အတတ်နိုင်ဆုံးကြိုးစား၍ စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစေရန် စိစစ်ပေးနေသည်ကိုလည်း တွေ့ရပါ၏။ ၂၀၂၂ ခုနှစ်ထဲတွင် ထုတ်ပြန်ချက်အရ ဘေးအန္တရာယ်ဖြစ်စေသော အသားချောင်းများကို ပိတ်ပင်တားဆီးမှုများပြုလုပ်မည့်သတင်းကိုလည်း ဖတ်ခဲ့ရ၏။ FDA စတင်

> **"ကျင့်စဉ်ကျင့်ဝတ်ဆိုသည်က မပြောင်းမလဲ သစ္စာစွဲ၍ ကျင့်ကြံလုပ်တတ်ရသော ကိစ္စဖြစ်ပါ၏။ မိမိတစ်ယောက်တည်းအတွက် ကျင့်ဝတ်ထားရုံ၊ မိမိနှင့် ပတ်သက်သူအတွက် သစ္စာထားရုံနှင့်မပြီးပါ။ အစာဖြန့်ဖြူးမှုကွင်းဆက်တစ်ခုလုံးအတွက် အဆက်အစပ်ရှိစွာ၊ သစ္စာရှိစွာ၊ ကျင့်ဝတ်သိစွာ ဆောင်ရွက်ရမည့် ဝတ္တရားတစ်ခုပင်ဖြစ်ပါသည် "**



မန္တလေးဈေးချိုတော်နှင့် စည်ပင်ပိုင်ဈေးများကို ဓာတုဆိုးဆေးကင်းစင်စေရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ရှောင်တခင် စစ်ဆေးစဉ်။

ထူထောင်စဉ်မှအစပြုကာ ယနေ့အထိ ထုတ်ဖော်ခဲ့သော "အစာမှလာသောအန္တရာယ်"များမှာ အတော်ပင်များပြားလှ၏။ ကျန်းမာရေးထိခိုက်စေမည့်ပစ္စည်းများ အစာထဲတွင်ပါဝင်မှု၊ ချည်ဆေး၊ ဆိုးဆေးများထည့်၍အရောင်တင်မှု၊ ရောဂါပိုးများ၊ အဆိပ်အတောက်ဖြစ်စေသော မှိုများကလည်း ဓာတ်သတ္တုများပါဝင်နေမှုတို့ကို ဖော်ထုတ်အရေးယူမှု ပြုလုပ်ခဲ့ကြောင်းလည်း သိရပါ၏။

"အစာထဲတွင်ဆေးများပါလာလျှင်ဒုက္ခ" ဟု ကျွန်တော်ဆိုခဲ့ခြင်းသည် အရောင်တင်ဆေး၊ ချည်ဆေး၊ ဆိုးဆေး၊ ကြာရှည်ခံဆေးများထက် ပိုဆိုးသည့်တကယ့်ဆေးများကို ဆိုလိုပါသည်။ အထူးသဖြင့် မွေးမြူရေးလုပ်ငန်းများ၌ တွင်ကျယ်စွာအသုံးပြုလာကြသော ပဋိဇီဝဆေးများသည် တိရစ္ဆာန်များကို ရောဂါမဖြစ်ရန်သုံးသော်လည်း ထိုတိရစ္ဆာန်၏ အသားထဲတွင် ဆေးများပါဝင်နေပါသည်။ အသားကိုမွေးမြူသော တိရစ္ဆာန်များအတွက် အသုံးတည့်လှသော ဟော်မုန်း(Hormones) ဓာတ်များသည်လည်း စားသုံးသူများစားရာ၌ ပါဝင်လာနိုင်သဖြင့် အထူးသတိထားနေရလေသည်။

**သဘာဝလွန်ကြံစည်မှု၏ ရလဒ်တစ်ခု**

ကြက်ဥများမှာပင် ခြံထဲမှာလှောင်၍ထားကာ ဆေးဝါးအကူနှင့် မွေးမြူထားသော ကြက်ဥများထက် လွှတ်ကျောင်းမွေးမြူထားသော (Free Range) ကြက်များ၏ ဥများက ဈေးနှစ်ဆလောက်ပိုပေးမှ စားရပေမည်။ တစ်ချိန်က နာမည်ဆိုးထွက်ခဲ့သော နွားရူးရောဂါ (Mad cow disease)သည်လည်း နွားများကို အသားတိုးရန်အတွက် နွားစာထဲတွင် အသားများရော၍ကျွေးမွေးခဲ့ရာမှ နွားတို့၏ဦးနှောက်တွင် ဂလောင်ပေါက်ဖြစ်ကုန်၏။ ထိုအမဲသားကိုစားမိသော လူတို့သည်လည်း ဦးနှောက်ထဲတွင် ပြဿနာဖြစ်ရ၏။ သဘာဝလွန်ကြံစည်မှု၏ ဆိုးကျိုးရလဒ်တစ်ခုလို ဖြစ်ပေမည်။

အစာကိုအာဟာရမဖြစ်စေဘဲ ဘေးအန္တရာယ်ဖြစ်စေသော ပြဿနာများထဲတွင် သဘာဝထက် လူလုပ်ပြဿနာများက အတိုင်းမသိအောင် ဆိုးရွားလှပါသည်။ သို့ဖြစ်၍ အစာကွင်းဆက်နှင့် ပါဝင်ပတ်သက်လာသူ မှန်သမျှ "တာဝန်ယူမှု၊ တာဝန်ခံမှု" ရှိရန် လိုလာပါသည်။ ဤကိစ္စသည် ကိုယ်တိုင်ကျင့်ဝတ်နှင့်လည်းဆိုင်၏။ ကိုယ်တိုင်ပြုမူမှုနှင့်လည်း ဆိုင်၏။ စိုက်ပျိုးရေးဆိုင်ရာ ကောင်းမွန်သောကျင့်စဉ်များရှိရသလို မွေးမြူရေးဆိုင်ရာ ကောင်းမွန်သောကျင့်စဉ်များလည်း ရှိရန်လိုပေသည်။

ထိုစိုက်ပျိုးရေးဆိုင်ရာ ကောင်းမွန်သောကျင့်စဉ်များနှင့် မွေးမြူရေးဆိုင်ရာ ကောင်းမွန်သောကျင့်စဉ်များကို မှားယွင်းယူဆ၍ စိုက်ပျိုးနည်း၊ မွေးမြူနည်းဟု သုံးစွဲခဲ့ကြဖူးပါသည်။ နည်းမဟုတ်ပါ။ ကျင့်စဉ်ကျင့်ဝတ်သာဖြစ်ပါသည်။ နည်းဆိုသည်က အမှန်အမှားရှိပါသည်။ အပြောင်းအလဲရှိပါသည်။ ကျင့်စဉ်ကျင့်ဝတ်ဆိုသည်က မပြောင်းမလဲ သစ္စာစွဲ၍ ကျင့်ကြံလုပ်တတ်ရသော ကိစ္စဖြစ်ပါ၏။ မိမိတစ်ယောက်တည်းအတွက် ကျင့်ဝတ်ထားရုံ၊ မိမိနှင့်ပတ်သက်သူအတွက် သစ္စာထားရုံနှင့်မပြီးပါ။ အစာဖြန့်ဖြူးမှုကွင်းဆက်တစ်ခုလုံးအတွက် အဆက်အစပ်ရှိစွာ၊ သစ္စာရှိစွာ၊ ကျင့်ဝတ်သိစွာ ဆောင်ရွက်ရမည့် ဝတ္တရားတစ်ခုပင် ဖြစ်ပါသည်။

အစာကွင်းဆက်နှင့် ပတ်သက်သူမှန်သမျှ "ခြံထဲကနေ ပန်းကန်ထဲအရောက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိ၊ မရှိဆိုသည်ကို သတိထားကြည့်နေရမည့်တာဝန်ကိုလည်း သက်ဆိုင်ရာအစိုးရနှင့် တာဝန်ရှိသူများက တာဝန်ယူရပါသည်။ ဤသို့ဆောင်ရွက်ရာတွင်-

- ပထမဦးဆုံး- "အမျိုးအသားအဆင့် အစားအသောက် ဘေးကင်းရှင်းရေးမူဝါဒ"၊
- ဒုတိယ - ဆက်စပ်ပါဝင်နေသူများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို ဖြစ်စေမည့် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များ၊
- တတိယ - အစားအသောက်ဘေးကင်းရှင်းရေးအတွက် သစ္စာရှိစွာ ပူးပေါင်းဆောင်ရွက်မည့် အင်အားစုများ လိုအပ်မည် ဖြစ်ပါသည်။

**နိုင်ငံခြားငွေရရှိရေး အရေးကြီးသောလုပ်ငန်းဖြစ်**

လက်တွေ့တွင် အစားအစာတစ်လုတ် ပါးစပ်ထဲရောက်ရန်အရေး ခရုခါးတောင်းကျိုက် ဖမ်းဖို့ တွေးနေသည်ဟု မထင်စေလိုပါ။ ကျန်းမာကြံ့ခိုင်သော လူသားရင်းမြစ်များဖြင့် နိုင်ငံတော်ကိုပြန်လည်ထူထောင်ရန်အတွက် အစားအသောက်ဘေးကင်းရှင်းရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူကြိုးစားကြရန် လိုအပ်နေချိန်ဖြစ်ပါသည်။ နိုင်ငံအတွင်းသာမက နိုင်ငံခြားငွေရရှိရေးအတွက်ပါ အရေးကြီးသောလုပ်ငန်း ဖြစ်ပါသည်။

မြန်မာနိုင်ငံထွက် စားသောက်ကုန်များသည် ကမ္ဘာ့အလယ်တွင် မျက်နှာပန်းလှနေရေးအတွက် လက်တွေ့ကြိုးပမ်းမှု အရှိန်အဟုန်မြှင့်တင်ရန် အရေးကြီးသော မူဝါဒတစ်ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

"ယခု မူဝါဒကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အာဆီယံအဖွဲ့တို့၏ အမျိုးသားအစားအသောက်ဘေးအန္တရာယ် ထိန်းချုပ်ရေးစနစ်ဆိုင်ရာ "ဥပဒေသ"များနှင့်လည်း လိုက်လျောညီထွေရှိစေရန် ချမှတ်ထားခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပြီး "တာဝန်ကိုယ်စီရှိသည်"ကို ပြောကြားလိုကြောင်း" လမ်းညွှန်ပေးထားသည်ကိုလည်း အလေးအနက်ထား၍ ဦးစားပေးကြရန် လိုအပ်မည်ဖြစ်ပါသည်။

ကိုယ်တိုင်အမဲလိုက်၍ရလာသော အသား၊ ကိုယ်တိုင်ခြံထဲက ထွက်လာသည့် ကြက်၊ ဘဲ၊ ဥများ၊ ကိုယ့်ခြံစည်းရိုးက ချိုးလာသည့် ဟင်းသီးဟင်းရွက်များနှင့် မပြီးတော့သည့်ခေတ်၌ အစာကွင်းဆက်ထဲတွင် ပါဝင်မိသည်နှင့်အမျှ မျက်စိဖွင့်၊ နားစွင့်သတိထား၍ မိမိတို့၏ ကျန်းမာရေး၊ အသက်ရှည်ရေးအတွက် အဓိကကျသော အစာအာဟာရများ၏ လားရာကို စစ်ဆေးကြည့်ရှုပေးနိုင်မှ တန်ကာကျပေသည်။

တစ်အိမ်တည်း၊ တစ်ရပ်တည်း၊ တစ်ရွာတည်း ကြည့်၍မရတော့ပါ။ တစ်နိုင်ငံတည်း ရပ်တည်၍လည်း မဖြစ်ပါ။ အစားအစာ ဘေးကင်းရှင်းစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာအရပ်ရပ်မှ စားနပ်ရိက္ခာကုန်သွယ်မှုလမ်းကြောင်းများ အားလုံးမှာ အားနည်းချက်မရှိအောင်လုပ်နိုင်မှ အစာမှလာသော ကပ်ရောဂါ မဖြစ်အောင် ကာကွယ်နိုင်ကြမည် ဖြစ်ပါသည်။

ချမ်းသာသောနိုင်ငံများသည် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အဆင်ပြေပြေ ဆောင်ရွက်နေကြသည်ဟု မထင်စေလိုပါ။ သူတို့တွင်လည်း သူတို့ပြဿနာနှင့်သူတို့ ရှိကြပါသည်။ လောလောဆယ်တွင် ကိုယ်နှင့်ဆိုင်သော အစားအစာပြဿနာကို ကိုယ်တိုင်ရှင်းပြီးမှ စလုပ်ကြရန် ရှိပါတော့သည်။ ။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီဌာနပေါင်းစုံဘောလုံးအားကစားပြိုင်ပွဲ ဖွင့်လှစ်



**နေပြည်တော် ဇူလိုင် ၂၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီဌာနပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အားကစားပြိုင်ပွဲများ ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး **(ယာပုံ)** စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီဌာနပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကိုယ်စားပြု ဘောလုံးအသင်းများ၏ ယှဉ်ပြိုင်ကစားမှုများနှင့် စိုက်ပျိုးရေးတက္ကသိုလ် ဘောလုံးအားကစားကွင်း၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးတက္ကသိုလ်ကိုယ်စားပြု ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဘောလုံးအားကစား အပါအဝင် ဖူဆယ်ဘောလုံး၊ ကြက်တောင်ရိုက်၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ ရေကူး၊ ပိုက်ကျော်ခြင်း အစရှိသည့် အားကစားပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ အဆိုပါအားကစားပွဲများတွင် ထူးချွန်သူများကို ဝန်ကြီးဌာနကိုယ်စားပြုပြိုင်ပွဲများမှတစ်ဆင့် လက်ရွေးစင်သမားများအဖြစ် ဆက်လက်ကြိုးစားနိုင်ရန် ပြုစုပျိုးထောင်အားပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၂၁**
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင် အတွင်း ဝင်ရောက်လာသော ရေဝတီတိုင်းဒေသကြီး ကျုံပျော်မြို့မှ PDF အဖွဲ့ဝင်များအား ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံ



လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ကျုံပျော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်တပ်နယ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကျုံပျော်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေး ထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည် ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မူဆယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**မူဆယ် ဇူလိုင် ၂၁**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ အ.ထ.က (၃) ကျောင်းရွှေရတုခန်းမ၌ ကျောင်းသူ ကျောင်းသားများ အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးမြင့်ထွေးက အားကစားပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများအကြောင်း၊ အားကစားကို အချိန်ပေးပြီး ပြုလုပ်သင့်ကြောင်းနှင့် အားကစားပြုလုပ်ခြင်းကြောင့် ကျန်းကျန်းမာမာနေရကြောင်းတို့ကို ပြောကြားသည်။

ဆက်လက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူဆယ်ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက ကျောင်းသား ကျောင်းသူများကို စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာရပ်ပိုင်းဆိုင်ရာများအကြောင်း၊ စာများများဖတ်ရန်၊ ကျောင်းမှန်မှန်တက်ရန်၊ ဗဟုသုတတိုးပွားကြွယ်ဝစေရန် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းများထားရမည့် စိတ်ဓာတ်ပိုင်းဆိုင်ရာများကို ပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ပြီး ကျောင်းကောင်စီ သီချင်းဆိုကာ ဟောပြောပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**


(၁၁) ကြိမ်မြောက်

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

**The 11th Traditional Medicine Research Congress**

၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ ၂၇-၂၈ ရက်နေ့


# ပူတာအိုမြို့နယ်၌ ဆင်းကေရီ-၃ တစ်ကေအထွက်နှုန်းတိုးတက်စေရေး တောင်သူပညာပေး

**ပူတာအို ဇူလိုင် ၂၁**
ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌ တစ်ကေအထွက်နှုန်းတိုးတက်လာပြီး ဒေသဝမ်းစာဖူလုံရေးအတွက် ဆင်းကေရီ-၃ မျိုးစပါးပြောင်းလဲစိုက်ပျိုးခြင်းနှင့် စိုက်နည်းစနစ် ပြောင်းလဲခြင်းတို့ကို ကချင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ပူတာအိုမြို့နယ် ပူတောင်းကျေးရွာအုပ်စု မုဒုံ (၁) ကျေးရွာ တောင်သူ ဦးဆိုင်၏ လယ်မြေငါးကေ၌ ကျင်းပသည်။



ကွင်းသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ထွေးက မျိုးပြောင်းလဲခြင်း၊ စိုက်စနစ်ပြောင်းလဲခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်သုံးစွဲခြင်း စသည့်အချက်များကို တောင်သူပညာပေးဆွေးနွေးသည်။ ယင်းနောက် မြို့နယ်ဦးစီးမှူး ဦးကျော်ခိုင်က သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်နည်း၊ အပင်ပွား များများရရှိရန်အတွက် ကောက်ပင်စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးပြီး စိုက်ပျိုးပင် ၁၆ ရက်သားတွင် စတင် ကြဲပက်ပေးခြင်းအားဖြင့် ပင်ပွားများ၍ တစ်ကေအထွက်နှုန်း တိုးတက်လာနိုင်ကြောင်း တောင်သူပညာပေး ဆွေးနွေးသည်။

ထို့နောက် လယ်ကွက်အတွင်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်ထားသည့်မြေဩဇာများကို ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများနှင့်အတူ လက်တွေ့ကြဲပက်ကြသည်။

ပူတာအိုခရိုင်အနေဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် ဆင်းကေရီ - ၃ အထွက်နှုန်းတိုးမျိုးပြောင်းလဲစိုက်ပျိုးခြင်းနှင့် စိုက်နည်းစနစ် ပြောင်းလဲခြင်းတို့ကို ပူတာအိုမြို့နယ်တွင် ကေ ၇၀၀၊ မချမ်းဘော့မြို့နယ်တွင် ကေ ၂၀၀၊ နောင်မွန်မြို့နယ်တွင် ကေ ၁၀၀ စုစုပေါင်းကေ ၁၀၀၀ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပူတာအိုမြို့နယ်အနေဖြင့် ပူတောင်းကျေးရွာအုပ်စုအတွင်း မုဒုံ-၁ ကျေးရွာတွင် ကေ ၂၀၊ မုဒုံ-၂ ကျေးရွာတွင် ကေ ၆၀၊ ပူတောင်း ကျေးရွာတွင် ၄၁ ကေ စုစုပေါင်း ၁၂၁ ကေ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ **ဖုန်ကန်(ပူတာအို)**

# မြို့နယ်အချို့တွင်ဘိန်းဖြူများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၁

ပိုင်းမော်မြို့၊ ကော့ကရိတ်မြို့နယ်၊ မိုးကုတ်မြို့နယ် တာချီလိတ်မြို့နယ်နှင့် ဟိုပန်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပိုင်းမော်မြို့ အမှတ် (၃) ရပ်ကွက် ဗထူးလမ်းနေ မလှိုင် (ခ) အေးလှိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၆ ကီလိုကိုလည်းကောင်း၊ ဇူလိုင် ၂၀ ရက် ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့ကရိတ်မြို့နယ် ရေကျော်ကြီးကျေးရွာအုပ်စု တံတားကျိုးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကောင်းမြင့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း၊ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ကျောက်တလုံးကျေးရွာအုပ်စု လယ်ကြီးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မခင်ဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကို လည်းကောင်း၊ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု တာပီးကျေးရွာရှိ အားချူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၅ ကီလိုကိုလည်းကောင်း၊ ဇူလိုင် ၂၀ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့ မန်ကောင်းရပ်ကွက် နဝဒေးလမ်းနေ အိုက်ဆမ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၃၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အငယ်တန်းအင်ဂျင်နီယာ-၂ ရာထူး (၃၆)နေရာအတွက် လူတွေ့အောင်မြင်သူများစာရင်း ထုတ်ပြန်ခြင်း
## ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၂)
## ( ၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက် )

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း၊ အငယ်တန်း အင်ဂျင်နီယာ-၂ ရာထူး (၃၆)နေရာတွင် ခန့်ထားရန် လူတွေ့အောင်မြင်ခဲ့သူများ၏ စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

EP ဘာသာရပ်

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| က | EP-2 | ခ | EP-9 | ဂ | EP-10 | ဃ | EP-15 | င | EP-16 |
| စ | EP-31 | ဆ | EP-32 | ဇ | EP-33 | ဈ | EP-35 | ည | EP-43 |
| ဋ | EP-45 | ဌ | EP-49 | ဍ | EP-54 | ဎ | EP-56 | ဏ | EP-63 |
| တ | EP-67 | ထ | EP-79 | ဒ | EP-96 | ဓ | EP-97 | န | EP-100 |

EC ဘာသာရပ်

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| က | EC-2 | ခ | EC-4 | ဂ | EC-10 | ဃ | EC-11 | င | EC-13 |
| စ | EC-14 | ဆ | EC-16 | ဇ | EC-24 | ဈ | EC-28 | | |

MP ဘာသာရပ်

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|
| က | MP-5 | ခ | MP-12 |

MC ဘာသာရပ်

| စဉ် | ခုံနံပါတ် |
|---|---|
| က | MC-3 |

IT ဘာသာရပ်

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|
| က | IT-1 | ခ | IT-2 | ဂ | IT-3 |

Civil ဘာသာရပ်

| စဉ် | ခုံနံပါတ် |
|---|---|
| က | Civil-1 |

၂။ လူတွေ့အောင်မြင်သူများသည် (၁.၈.၂၀၂၂)ရက်နေ့ နံနက်(၁၀:၀၀)နာရီ အချိန်ထက် နောက်မကျစေဘဲ စီမံခန့်ခွဲရေးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(ရုံးချုပ်)၊ ၂၇လမ်း၊ ၇၇ x ၇၈ လမ်းကြား၊ ဖုန်းနံပါတ်- ၀၂-၄၀၇၃၅၁၇၊ မန္တလေးမြို့သို့ လူကိုယ်တိုင်လာရောက်သတင်းပို့ရမည်ဖြစ်ပြီး မှတ်ပုံတင်မူရင်း၊ (၁၀) တန်းအောင်လက်မှတ်မူရင်းနှင့် ဘွဲ့လက်မှတ်မူရင်းများအား ယူဆောင်လာ၍ ကတိဝန်ခံချက် စာချုပ် ချုပ်ဆိုမှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။ သတ်မှတ်ထားသော နေ့ရက်တွင် လာရောက်သတင်းပို့ရန် ပျက်ကွက်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်သူများ၏ ရာထူးနေရာများ၌ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၂၀(င)(၉)အရ ဝန်ထမ်းရွေးချယ်ခန့်ထားရေး တန်းစီဇယား အမှတ်စဉ်အတိုင်း အစားထိုးဖြည့်စွက် ရွေးချယ်ခန့်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## ရေချွေတာရေး နည်းလမ်းများ

❒ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။

❒ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် AA/7664, TOYOTA PROBOX NCP 51, STATION WAGON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဋွေး ၁၂/လသယ(နိုင်)၀၈၂၁၆၅ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ဆေးဝါးနှင့် ဆေးပစ္စည်းများတင်သွင်းသော ကုမ္ပဏီများသိသာရန်

ဆေးဝါးနှင့် ဆေးပစ္စည်းများအား သွင်းကုန်လိုင်စင်လျှောက်ထားရန် အတွက် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြစိစစ်ထားရှိပြီး နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီသို့ တင်ပြထားသည့် သွင်းကုန်လိုင်စင်များအနက် ကုမ္ပဏီများမှ မိမိအစီအစဉ်ဖြင့် တစ်ဖက်ကုန်ရောင်းသူသို့ ငွေပေးချေဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှတစ်ဆင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ သွင်းကုန်လိုင်စင် ထုတ်ယူနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

### ပျောက်ဆုံးကြောင်း

ကျွန်မမြမြသီ ၁၂/ဥကတ(နိုင်) ၁၄၃၄၇၃၏ နိုင်ငံကူးလက်မှတ် အမှတ် (MD-794434)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၀၉၁၅၈၅

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ပေါက်တောမြို့၊ အလယ်ပိုင်းရပ်ကွက်၊ မင်းစောမွန်လမ်းနေ ဦးကျော်ဝင်းနိုင်၏သမီး မဖြိုးအိဖုံ ၁၁/ပတန(နိုင်) ၁၃၂၆၂၉ ၏ အမည်မှန်မှာ မခိုင်သင်းဝေဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၁-၅-၂၀၀၄ ဖြစ်ပါကြောင်း။**မခိုင်သင်းဝေ**

### ပျောက်ဆုံးကြောင်း

ကျွန်မ မမယ်ပိန် ၅/ယမပ(နိုင်) ၁၃၃၁၄၀၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၆၂၇၆၄၅၈

### ပျောက်ဆုံးကြောင်း

ကျွန်မ မအေးအေးမော် ၅/ပလန(နိုင်) ၁၀၅၇၆၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၀၄၀၀၄၁

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမိုးဝင်း ၅/ယမပ(နိုင်)၀၉၀၂၆၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၅၅၂၇၅၅

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဆန်းဝင်း ၅/ယမပ(နိုင်) ၁၅၁၄၀၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၆၂၇၆၄၅၇

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုကျော်မျိုးခိုင် ၅/ပလန(နိုင်)၁၂၁၇၇၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၄၀၂၅၃၅၉၀၁

### ပျောက်ဆုံးကြောင်း

ကျွန်မ မခင်မျိုးထွန်း ၅/ယမပ(နိုင်) ၁၂၉၃၅၀၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၆၂၇၆၄၅၇

### အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၃)လမ်း၊ အမှတ်(၃၅/၁၅၇)နေ ဦးစိုးလှိုင်(ဘ)ဦးကျော်တင် ၉/မလန(နိုင်)၀၇၂၅၃၅ က ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ကျိုက်ဝိုင်း ဘုရားလမ်း၊ အမှတ်-၄၅ နေ ဒေါ်ဝင်းသန္တာဆွေ(ဘ) ဦးမြင့်ဆွေ ၁၂/သလန(နိုင်)၀၁၀၃၀၄ သို့ (၇-၈-၂၀၂၀)ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲပြောင်းပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၃၁၁/၂၀၂၀)အား ကြော်ငြာပါသည့်ရက်မှ စ၍ ရုပ်သိမ်းလိုက်ပါကြောင်း ဒေါ်ဝင်းသန္တာဆွေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးစိုးလှိုင်

လွှဲအပ်ညွှန်ကြားချက်အရ
မဖြိုးဖြိုးအိ(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း
အင်းစိန်မြို့နယ်
ဖုန်း-၀၉-၇၉၉၀၆၈၈၃၆

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဦးဘဝင်းလမ်း၊ အမှတ်(၁၂၉၇/က)နေ ဒေါ်သန်းစိန်ညွန့် ၁၂/ဗတထ(နိုင်)၀၁၅၉၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းစိန်ညွန့်သည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယသိမ်ကျောင်းတောင်ဘက်၊ အမှတ်(၆၉)အကျယ်အဝန်း (၃၉x၄၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ပေးကမ်းထားခြင်း၊ လွှဲအပ်ထားခြင်း၊ ကိုယ်စားပြု၍ အခြားတစ်နည်းနည်းဖြင့် လွှဲအပ်ထားခြင်းများမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်၏ မိတ်ဆွေဒေါ်သန်းစိန်ညွန့် သိရှိခြင်းမရှိဘဲ တစ်နည်းနည်းဖြင့် အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် ကျွန်ုပ်၏မိတ်ဆွေခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုသဲလွင်(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၈၄/၂၀၁၃)**
**အင်းစိန်စုပေါင်းရုံး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၆၃၃၈၈၊ ၀၉-၂၆၀၅၉၇၅၄၃**


# သာပေါင်းမြို့နယ်၌ တောဆင်ပေါက်တစ်ကောင် ရေနစ်သေဆုံး

သာပေါင်း ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျောက်အိုင်ကျေးရွာအနီး ခရချောင်းထဲတွင် တောဆင်ပေါက်ကလေးတစ်ကောင် သေဆုံးနေသည်ကို ဇူလိုင် ၂၀ ရက်က ဒေသခံပြည်သူများ သတင်းပေးချက်အရသိရှိ၍ သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့တို့က သွားရောက်စစ်ဆေးမှတ်တမ်းရယူပြီး မီးရှို့သင်္ဂြိုဟ်ပေးခဲ့ကြောင်း သိရသည်။

ချောင်းအတွင်းသေနေသော အဆိုပါ တောဆင်ပေါက်ကလေးကို ပုသိမ်သစ်တောကြီးဝိုင်း ဆင်ဆရာဝန် ဒေါက်တာဦးအောင်ကိုဝင်းက စစ်ဆေးတိုင်းတာမှုများပြုလုပ်ရာ လွန်ခဲ့သော နှစ်ရက်ခန့်က ရေနစ်သေဆုံးခြင်းဖြစ်ပြီး အထီးဖြစ်ကာ အသက် တစ်နှစ်ခြောက်လခန့်၊ အမြင့် သုံးပေခြောက်လက်မ၊ လုံးပတ်ခြောက်ပေ၊ အလျား နှစ်ပေ ၁၀ လက်မရှိကြောင်း သိရသည်။

အဆိုပါ တောဆင်ပေါက်လေး သေဆုံးမှုကို မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများ၊ ပုသိမ်သစ်ထုတ်လုပ်ရေးဒေသမှ နယ်တာဝန်ခံ ဦးထွန်းထွန်းနှင့် ဝန်ထမ်းများ၊ ပုသိမ်သစ်တောကြီးဝိုင်း ဆင်ဆရာဝန်ဒေါက်တာ ဦးအောင်ကိုဝင်း၊ ရဲတပ်ဖွဲ့ဝင်များ၊ သစ်တောရဲတပ်ဖွဲ့ (ခွဲ) ကဇင်တောမှ တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှု မှတ်တမ်းရယူပြီး မီးရှို့သင်္ဂြိုဟ်ပေးခဲ့ကြသည်။



မျိုးဇော်သိန်း (ပြန်/ဆက်)

# မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၂၁

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၆ ဒသမ ၄၂ လက်မ၊ ထားဝယ်မြို့တွင် ၆ ဒသမ ၁၈ လက်မ၊ ခရမ်းမြို့တွင် ၄ ဒသမ ၂၂ လက်မ၊ ကလေးမြို့တွင် ၃ ဒသမ ၉၃ လက်မ၊ လှည်းကူးမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ မော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) တွင် ၃ ဒသမ ၇၄ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ရန်ကုန် (ဗိုလ်တထောင်မြို့နယ်) တွင် ၂ ဒသမ ၆၈ လက်မ၊ မင်းကင်းမြို့နှင့် ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၅၂ လက်မစီနှင့် ပေါင်မြို့တွင် ၂ ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၃၂၅ ဆူ | ၃၉၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀.၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄.၇၀ | ၂၁၁၉.၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၁၀ | ၂၁၈.၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃.၆၀ | ၅၉၁၀.၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆.၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂.၀၀ | ၁၇၃၆.၀၈ ကျင်း | ၁၂၀ ကျင်း | ၁၆၁၅.၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉.၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆.၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄.၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇.၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈.၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉.၅) သိန်း | ၇၀၃.၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃.၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရန်ပုံငွေဖြင့် မော်လိုက်ခရိုင်၊ တမူးခရိုင်နှင့် ခန္တီးခရိုင်အတွင်း မြို့နယ်များရှိ ဒီဇယ်ဓာတ်အားပေးစက်များ မောင်းနှင်ရန် လိုအပ်သောစက်သုံးဆီများ ဝယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဒုတိယအကြိမ် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၂-၇-၂၀၂၂ရက်မှ ၃၁-၇-၂၀၂၂ရက်အထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁-၈-၂၀၂၂ရက် (၉:၀၀နာရီမှ ၁၆:၀၀နာရီ)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊
ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊
မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၈၁၇၊ ၀၉-၂၅၉၀၇၀၂၂၃

## အမွေဆက်ခံရန်သက်သေခံလက်မှတ် လျှောက်ထားကြောင်းအကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၃၇၃) ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော် ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၃

ဦးစိုးသက်နိုင် — လျှောက်ထားသူ

သပြေကုန်းကျေးရွာ၊ သပြေကုန်းကျေးရွာအုပ်စု၊ ဒလမြို့နေ ဦးစိုးသက်နိုင်က ကွယ်လွန်သူ ဒေါ်ညွန့်ကြည်၏ သားဖြစ်သည်ဟူ၍ သပြေကုန်းကျေးရွာ၊ သပြေကုန်းကျေးရွာအုပ်စု၊ ဒလမြို့နေ ၎င်းကွယ်လွန်သူ ဒေါ်ညွန့်ကြည် ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်ရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူဒေါ်ညွန့်ကြည် ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ် ဩဂုတ် ၁၀ ရက် (၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၁၄ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးစိုးသက်နိုင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းဇော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၀)လမ်း၊ အမှတ်(၇၅၁/က)၊ လွှာချင်း ခြောက်ထပ်တိုက်၏ မြေညီထပ် (မှန်ခန်းထပ်ခိုးအပါအဝင်) အကျယ်အဝန်း (၁၈ပေ x ၅၁ပေ)ရှိ တိုက်ခန်းနှင့် တိုက်ခန်းနှင့်တွယ်ကပ်နေသော ရေ/မီးအပါအဝင် (မျက်မြင်အခြေအနေအတိုင်း) အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို (AYA BANK နှင့်ချိတ်ဆက်၍ အပြီးအပိုင် ဝယ်ယူထားပြီး) ပိုင်ဆိုင်သူ ဒေါ်အိဝင်းထွဋ် ၇/ပမန(နိုင်)၁၂၀၅၇ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)(၂၇-၇-၂၀၁၇)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ ၃၆ လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## ဦးမင်းခန့်ကို (ခ) ဖိုးထောင် ၇/ပခန(နိုင်)၂၄၅၄၁၈နှင့် အများသိစေရန်ကြေညာခြင်း

ပခုက္ကူမြို့နယ်၊ ကိုင်းအုပ်စု၊ အရှေ့ မန်ကျီးကန်ရွာနေ ဒေါ်အေးမြသီ ၈/ပခက(နိုင်)၁၇၃၄၀၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်အေးမြသီနှင့် ဦးမင်းခန့်ကို(ခ)ဖိုးထောင်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး ၅-၃-၂၀၀၈ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကာ သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ထို့နောက်ပိုင်း ဦးမင်းခန့်ကို(ခ)ဖိုးထောင်သည် ဇနီးဖြစ်သူ ဒေါ်အေးမြသီအား ၅-၁၂-၂၀၁၈ရက်မှစ၍ အကြောင်းမဲ့စွန့်ပစ်ခဲ့ပြီး (၃)နှစ်ကျော်သည်အထိ အဆက်အသွယ်ပြုလုပ်ခြင်း၊ လင်မယားအဖြစ် လာရောက်ပေါင်းသင်းနေထိုင်ခြင်း၊ ခင်ပွန်းဝတ္တရားနှင့်အညီ ပြုမူဆောင်ရွက်ခြင်းများ လုံးဝမရှိခဲ့ပါ။ ထို့ကြောင့် စွန့်ပစ်ခြင်းခံရသူ ဒေါ်အေးမြသီအနေဖြင့် စွန့်ပစ်သူ ဦးမင်းခန့်ကို(ခ)ဖိုးထောင်ကို ခင်ပွန်းအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ယနေ့မှစ၍ လင်ခန်းမယားခန်းပြတ်စဲကြောင်း ဦးမင်းခန့်ကို(ခ)ဖိုးထောင် ၇/ပခန(နိုင်)၂၄၅၄၁၈နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးမြသီအနေဖြင့်"မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဦးမင်းခန့်ကို(ခ)ဖိုးထောင်"နှင့် လင်မယားအဖြစ်မှ ပြတ်စဲကြောင်း တရားဝင်ဆန္ဒ ဖော်ထုတ်ပြီးဖြစ်၍ နောက်နောင်တွင် ဦးမင်းခန့်ကို(ခ)ဖိုးထောင်နှင့်ပတ်သက်သောကိစ္စရပ်များသည် ဒေါ်အေးမြသီနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချစ်ချစ်စံ(LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၀၇၁)**
**အမှတ်-(B-6)၊ အခန်း(၄၀၁)၊**
**မင်းဓမ္မလမ်း၊ (၃) ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ ၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၁၀၀၈၆၉၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခလမ်း(၅၂-လမ်း)၊ အမှတ်(၁၈၉/အေ)နေ ဒေါ်သဇင်အေး ၁၂/လမန(နိုင်)၁၂၀၅၈၆၏ သား မောင်ဆန္ဒပြည့် ၁၂/လမန(နိုင်)၁၆၄၉၆၆သည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်သဇင်အေး ၁၂/လမန(နိုင်)၁၂၀၅၈၆**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၀ပြည့်နှစ် တရားမအယူခံမှုအမှတ်-၁၅၃

**ဒေါ်အေးစန္ဒာမြင့်** — **အယူခံတရားလို** — နှင့် — **ဦးကိုကိုလင်း ပါ ၂** — **အယူခံတရားပြိုင်များ**

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ (၁၃)ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမကြီးမှုအမှတ် ၆၄/၂၀၁၃ ကို အယူခံမှု။

အယူခံတရားပြိုင် (၁) ဦးကိုကိုလင်း အမှတ်-၂၀(ဘီ)၊ ကမ္ဘာအေးဘုရားလမ်း၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိနေ)သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၂ခုနှစ် ဩဂုတ် ၁၂ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေကဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာ ရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းကိန်ခမ်း )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ မြေကွက်အမှတ် (၂၀၀)၊အကျယ်အဝန်း (၄၀ ပေx ၆၀ပေ)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၀၀)၊ အောင်သုခ (၁) လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ဇာဇာထွန်း ၁၁/စတန (နိုင်) ၀၆၄၅၀၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ငွေဆက်လက်ပေးချေဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအောင်စံမြင့် (LL.B)** | **ဒေါ်အိအိစိုး (LL.B,D.I.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၅၅၀၄၀/ ၁၀-၅-၂၀၂၂)** | **(စဉ်-၉၇၀၁/၂၇-၂ -၂၀၁၄)** |

**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း ၀၉- ၇၇၆၉၂၆၅၃၃၊ ၀၉ ၂၅၂၀၈၉၄၄၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဉာဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁က/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧက၊ မြေကွက်အမှတ်(ဥ-၅၉၃၃)၊ ဒေါ်စံပယ်ဖြူဆွေ (ဘ) ဦးဉာဏ်ဆွေဝင်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဆီဇာမြင့်စိန် ၉/ပဘန(နိုင်)၁၅၅၆၁၆ (ဘ) ဦးမြင့်စိန် မှနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၈၄၉/၂၀၂၂(၇-၇-၂၀၂၂ )တင်ပြ၍ ဒေါ်မာလာကြည် ၁၂/မဘန(နိုင်)၀၀၉၉၈၀ (ဘ) ဦးကိုကိုကြည် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးမျိုးခိုင်(ဘ)ဦးစိုးမြင့် ၇/သဝတ (နိုင်)၀၂၄၂၇၀ နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ လူနေရပ်ကွက် (၁)၊ အမှတ် (၈၁/က) ရှိအကျယ်အဝန်း (၂၀ x ၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်များကို မြေအမည်ပေါက် ဦးမြမောင်ထံမှ ဦးမျိုးခိုင်သည်အရပ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ၎င်းမြေကွက်အား ဦးမျိုးခိုင်မှ ၉-၉ -၂၀၀၈ ရက်တွင် ဒေါ်မိုးစန္ဒာ (ဘ)ဦးစံရှိန် ၇/ပခန(နိုင်)၀၈၉၇၀၄ ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ လူကြီးမင်းမှ ကျွန်ုပ်၏မိတ်ဆွေအမည်ပေါက် ဆောင်ရွက်ပေးရန် လိုအပ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ဆောင်ရွက်ပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လူကြီးမင်း လာရောက်ဆက်သွယ် ဆောင်ရွက်ပေးခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်စံမြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၅၀၄၀/၁၀-၅-၂၀၂၂)**
**အမှတ် (၂၉/၆၄)၊ (က - ၂) လမ်း၊ မြို့သစ် (က+ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်**
**ဖုန်း - ၀၉- ၇၇၆၉၂၆၅၃၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရေနံချောင်းမြို့နယ်၊ စက်မှုဇုန်ရပ်နေ ဦးတင်ဝင်းအောင် ၈/ရနခ(နိုင်)၀၇၃၈၃၄- ဒေါ်မျိုးသန္တာလတ် ၈/ဂနခ(နိုင်)၀၇၂၉၈၄ တို့၏သမီး ဒေါ်မေနှင်းဖြူ ၈/ရနခ(နိုင်)၁၃၁၃၂၃ သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှစ်ပါးစိတ်ဆင်းရဲစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဒေါ်မေနှင်းဖြူ နှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးတင်ဝင်းအောင်-ဒေါ်မျိုးသန္တာလတ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော် ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၆၇၁

**ဒေါ်မြင့်မြင့်ခိုင် (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးမြင့်ဆွေ)** — **တရားလို** — နှင့် — **၁။ ဦးရန်အောင်(ခ)ဦးလှမိုးထွန်း ၂။ ဒေါ်ခင်မိုးမိုးမြင့်** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ရပ်ကွက်၊ ၁၁လမ်း၊ အခန်း(၂)၊အမှတ် (၁၉၅)နေ (၂)တရားပြိုင် ဒေါ်ခင်မိုးမိုးမြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မိမိဝယ်ယူထားသောအိမ်ဝိုင်းမြေအား စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်၍ အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဩဂုတ် ၃ရက် (၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၇ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့်စပ်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ကက)ရပ်ကွက်၊ အနောက်မျဉ်းပြိုင်ကွင်းလမ်း၊ အမှတ်(၈) ဟုခေါ်တွင်သော မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရှင်ဖြစ်သူ ဒေါ်ဖာတေမာဘီထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးတင်ဝင်းနှင့် ဒေါ်မိုးမိုးခိုင်တို့မှ ၁-၁၂-၂၀၂၁ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါ နေအိမ်ခြံမြေ နှင့်ပတ်သက်၍ စီမံခန့်ခွဲခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းများအား ကျွန်ုပ်၏မိတ်ဆွေများ ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိင်္ဂီအေး (စဉ်-၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉- ၄၂၀၀၆၉၁၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှမြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဒေါ်ခင်နွဲ့ဝင်း ၁၂/တမန(နိုင်)၀၃၅၆၀၆ (ဘ) ဦးမောင်ချစ် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၆၆၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၂၉/၂၀၂၀(၄-၈-၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိုင်းရီတစ် ၁၂/ကတန(နိုင်)၀၀၃၄၂၄ (ဘ)ဦးလီတုံစိန်မှ ဒေါ်အေးပီရှင် ၁၃/လရန(နိုင်)၁၆၅၅၇၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန့်ဇင်လင်း ၅/ယမပ(နိုင်)၁၂၄၆၈၁ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၆၂၇၆၄၅၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစိုးစိုးအေး ၅/ယမပ (နိုင်) ၁၅၃၅၆၃ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၆၂၇၆၄၅၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်ဇာမိုး ၅/ဘတလ (နိုင်)၁၄၉၆၇၈ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၇၆၃၄၉၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုခင်မောင်ချင်း ၅/ယမပ (နိုင်)၁၁၇၉၆၉ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၄၈၆၃၈၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမျိုးထွန်း ၅/ယမပ (နိုင်)၁၂၇၆၉၈ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၄၈၆၃၈၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုအောင်မျိုးထွေး ၅/ယမပ(နိုင်)၀၉၆၂၉၃ ၏ နိုင်ငံကူး လက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၄၈၆၃၈၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၀၃၅)၊ မြေဧရိယာ၀ ဒသမ ၁၄၆ ဧကရှိ ဦးထွန်းထွန်းဝင်း (ဘ) ဦးချိုတူး ၅/ကလန(နိုင်)၀၀၀၁၇၇ အမည်ပေါက်မြေကွက်အား ဦးထွန်းထွန်းဝင်းထံမှ မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာ အမှတ် ၆၄၅၂/၂၀၂၂ (၁၃-၇-၂၀၂၂) ရရှိထားသူ ဦးကျော်ရှင်း (ဘ)ဦးအောင်ညို ၉/ပမန(နိုင်)၀၀၁၈၁၃မှ အဆောက်အအုံခွင့်ပြုမိန့်အမှတ် (၉၆၄/၂၀၁၁-၁၂) (မူရင်း) တင်ပြ၍ မြေပေးမိန့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးကျော်ရှင်း (ဘ)ဦးအောင်ညို ၉/ပမန(နိုင်)၀၀၁၈၁၃အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ သခင်ဗစိန်လမ်း၊ မြေကွက်အမှတ် (၁၅၄)၊ အကျယ်အဝန်း(၄၁ပေ/၄၀ပေ x ၆၀ပေ)ရှိ ဒေါ်မို့မို့လွင် (၁၂/ကမရ (နိုင်) ၀၀၃၃၉၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်မို့မို့လွင် (၁၂/ကမရ (နိုင်) ၀၀၃၃၉၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဘဝမြင့်)၊ လူနေရပ်ကွက်အမှတ်(မလိခအိမ်ရာ)၊ မိုးမခ(၂)လမ်း၊ ခြံအမှတ်(၉)၊ မြေကွက်အမှတ် (၉၉)၊ အကျယ်အဝန်း (၀.၁၂၈)ဧက၊ (၅၅၈၃)စတုရန်းပေရှိ မဟာရွှေတောင်ကုမ္ပဏီလီမိတက် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးသက် (၁၂/သဃက (နိုင်) ၀၃၉၂၇၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## ဓာတုဗေဒစစ်ဆေးရေးဌာန(နေပြည်တော်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒ စစ်ဆေးရေးဌာနမှ အသုံးပြုရန်လိုအပ်သော ဓာတုဆေးရည်/ဆေးမှုန့်များနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၇-၂၀၂၂ရက်မှ ၅-၈-၂၀၂၂ ရက်ထိ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ဓာတုဗေဒစစ်ဆေးရေးဌာန(နေပြည်တော်)
**အိတ်ဖွင့်တင်ဒါကျင်းပမည့်ရက်** - ၉-၈-၂၀၂၂ရက်

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးခြင်းအား ၉-၈-၂၀၂၂ ရက် နံနက် ၉:၀၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ လှတော်ဝင်လမ်းရှိ ဓာတုဗေဒစစ်ဆေးရေးဌာန၌ ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံများအား (၁)စောင်လျှင်ကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်နှုန်း)ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာန နေပြည်တော်၌ သတ်မှတ်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၃၂၉၆၊၀၆၇-၈၁၀၃၂၉၈၊ ၀၆၇-၈၁၀၃၂၉၉တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဓာတုဗေဒစစ်ဆေးရေးဌာန၊နေပြည်တော်**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရောဝတီတိုင်းဒေသကြီး၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
## မြောင်းမြမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောင်းမြခရိုင် ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၂၁-၇-၂၀၂၂ရက်
**တင်ဒါပိတ်မည့်အချိန်** - ၄-၈-၂၀၂၂ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါ စည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများ အသေးစိတ် သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါရွေးချယ်ရေးကော်မတီ၊**
**ပြည်သူ့ဆေးရုံကြီးမြောင်းမြမြို့၊**
**ဖုန်း-၀၄၂-၇၀၄၉၂**

## အများသိစေရန်သတိပေးကြေညာခြင်း

ဦးမြင့်ဟန်(ဘ)ဦးမောင်း ၉/တသန(နိုင်)၁၀၄၈၇၅ နှင့် ဒေါ်ခင်သူထွေး(ဘ)ဦးစိုးမြင့် ၉/မခန(နိုင်)၁၅၁၃၃၁ ဇနီးမောင်နှံတို့၏ လက်ထက်ပွားများဖြစ်သော (၁)မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဆ)ရပ်ကွက်၊ အိမ်အမှတ် (ဒဒ-၂၁/၅-၁၄)လူနေ ဝိုင်းမြေပေါ်ရှိ အာရ်စီ(၂) ထပ်တိုက်နှင့် (၃)ပင်ပတ်လည် သွပ်မိုး၊ ထရံကာ၊ နှစ်ထပ်အဆောက်အအုံ(၁)လုံး၊ (၂) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက် ၊အိမ်အမှတ်(ဒဒ-၄၃/၃၉)၊ (၃၀x၄၀)ပေ ဝိုင်းမြေပေါ်ရှိ (၈)ပေ ပတ်လည် (၃)ခန်းတွဲ သွပ်မိုး၊ ထရံကာ လူနေအဆောက်အအုံ(၃)လုံးတို့ကို အတူပိုင်ဆိုင်ကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သူထွေး၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်း၊ လွှဲပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခြင်းတို့ကို ခွင့်မပြုပါကြောင်းနှင့် စီမံခြင်းရှိလာပါက ဥပဒေနှင့်အညီ ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ အထက်ပါပစ္စည်းများနှင့်ပတ်သက်ပြီး သတိကြီးစွာထားသင့်ပါကြောင်း စေတနာကောင်းဖြင့် အကြံပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နိုင်ဇင်မြင့်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၁၃)**
**ဖုန်း- ၀၉-၄၄၄၀၃၄၈၈၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ်- ၂၉၃

ဦးညိုဝင်း နှင့် ဦးတင်အေး
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(ဏ-၄/၈)၊ မြို့သစ်(၁)ရပ်ကွက်နေ ဦးတင်အေး သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/1744 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5432 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၆၆

ဦးရန်ထောင်ဖ နှင့် တကခင်မောင်လေး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၆၁)လမ်း၊ အကွက်(သ-၁၄)/(ဃ)ရပ်ကွက်နေ တကခင်မောင်လေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ရန်ထောင်ဖကပဋိညာဉ်အတိုင်းအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဇူလိုင် ၂၈ ရက်၊ (၁၃၈၄ ခုနှစ်ဝါခေါင်လဆန်း ၁ ရက်)မွန်းမတည့်မီ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန်၊ ရုံးတော်သို့လာရောက်ရမည်၊ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အရွယ်မရောက်သေးသူအတွက်
## အုပ်ထိန်းသူအဖြစ်ခန့်ထားရန်
## လျှောက်ထားကြောင်းအကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁)
